



# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန်

# စာမေးပွဲ မေးခွန်းနှင့်စံပြအဖြေများ



## အုပ်စု(၄).သံယုတ္တနိကာယ်

📖📖၃။မဟာဝဂ္ဂသံယုတ်📖📖

ဗဟန်း,မဟာဝိသုဒ္ဓါရုံ

✍️အရှင်သီလဝံသာလင်္ကာရ(ရေစကြို)✍️

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၄) သံယုတ္တနိကာယ

# မဟာဝဂ္ဂသံယုတ် ပါဠိတော် မြန်မာပြန် အဖြေမှန်

၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၃) ရက်၊ (၃၁. ၅. ၂၀၁၄) စနေနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ မဂ္ဂင်ရထား၏ (က)ဇက်ကြိုး၊ (ခ)ရထားထိန်း၊ (ဂ)တန်ဆာ၊ (ဃ)ဝင်ရိုး၊ (င)ဘီးတို့ကို ဖော်ပြ၍၊ “မသေရာ မသေရာ”ဟု ဆိုလေရာ အဘယ်ကို မသေရာ ဟုဆိုအပ်ပါသနည်း? ဖြေဆိုပါ။

၁။ **(က)**ဝိပဿနာစိတ်(မဂ်စိတ်)သည် ဇက်ကြိုး။ **(ခ)**အောက်မေ့မှု သတိသည် ရထားထိန်း။ **(ဂ)** သီလသည် တန်ဆာ။ **(ဃ)**ဈာန်သည် ဝင်ရိုး။ **(င)**ဝီရိယသည် ဘီး။ **(၅-မှတ်)** (မြန်၊၆)
**မသေရာ ဟူသည်** - စွဲမက်မှု ရာဂကုန်ရာ၊ အမျက်ထွက်မှု ဒေါသကုန်ရာ၊ တွေဝေမှု မောဟကုန်ရာကို မသေရာဟုဆိုအပ်၏။ **(၅-မှတ်)**(မြန်၊၈)

၂။သာသနာပအယူရှိသူတို့က “ငါ့ရှင်တို့ စွဲလမ်းမှု ရာဂကင်းဖို့ လမ်းစဉ်ဟူသည် အဘယ်ပါနည်း”ဟု မေးခဲ့သော် မည်သို့ ဖြေကြမည်ကို အကျဉ်းမျှ ရေး၍၊ (က)ရှာမှီးခြင်းသုံးမျိုး၊ (ခ)မာနသုံးမျိုး၊ (ဂ)ညှင်းဆဲတတ်သော တရားသုံးမျိုးတို့ကို အသီးသီး ထုတ်ပြခဲ့ပါ။

၂။ **ရာဂ ကင်းဖို့လမ်းစဉ်ဟူသည်** - အင်္ဂါရှစ်ပါးရှိသောအရိယမဂ်ပင်တည်း။**(၁-မှတ်)**(မြန်၊၂၄)
**ရှာမှီးခြင်းသုံးမျိုး** - (က)ကာမကိုရှာမှီးခြင်း၊ (ခ)ဘဝကိုရှာမှီးခြင်း၊ (ဂ)အကျင့်မြတ်ကိုရှာမှီးခြင်း၊ **(၃-မှတ်)**(မြန်၊၅၃)
**မာနသုံးမျိုး** - (က)ငါသည် သူ့ထက် မြတ်၏ဟု ထောင်လွှားမှုမာန၊ (ခ)ငါသည် သူနှင့် တူ၏ဟုထောင်လွှားမှုမာန၊ (ဂ)ငါသည် သူ့အောက်ယုတ်၏ဟုထောင်လွှားမှုမာန။**(၃-မှတ်)**(မြန်၊၅၅)
**ညှင်းဆဲတတ်သောတရားသုံးမျိုး** - (က)ရာဂဟူသောညှင်းဆဲတတ်သောတရား၊ (ခ)ဒေါသဟူသောညှင်းဆဲတတ်သောတရား၊ (ဂ)မောဟဟူသောညှင်းဆဲတတ်သောတရား၊ **(၃-မှတ်)** (မြန်၊၅၇)

၃။ “အရှင်ဂေါတမသည် အဘယ်အကျိုးရှိ၍ နေပါသနည်း”ဟု မေးလာသော ကုဏ္ဍလိယအား ဘုရားရှင် ဖြေကြားတော်မူပုံကို ရေး၍၊ ‘ဗောဇ္ဈင်’ ဟူသော အသုံးအနှုန်း၏ အဓိပ္ပါယ်ကို ဥဒါယိဝဂ်ဗောဓာယသုတ်နှင့် အညီ ရှင်းပြပြီး၊ ကာမစ္ဆန္ဒ-စသော ငါးပါးတို့၏ သတ္တိထူးများကိုလည်း ဖော်ပြခဲ့ပါ။

၃။ **ဖြေတော်မူပုံ** - ကုဏ္ဍလိယ မြတ်စွာဘုရားသည် အသိဉာဏ် ဝိဇ္ဇာ၊ ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိ အကျိုးရှိ၍သာနေ၏ ဟုမိန့်တော်မူသည်။ **(၃-မှတ်)** (မြန်၊၆၉)
**ဗောဇ္ဈင်ဟူသည်** - နိဗ္ဗာန်ကို သိခြင်းအကျိုးငှာဖြစ်သောကြောင့် ဗောဇ္ဈင်ဟုဆိုအပ်ကုန်၏။ **(၃-မှတ်)** (မြန်၊၇၉)
**သတ္တိထူးများ** - (က)ကုသိုလ်တရားကို ပိတ်ပင်တတ်ကုန်၏၊ (ခ)ကုသိုလ်တရားကို တားဆီးတတ်ကုန်၏၊ (ဂ)စိတ်ကို ညစ်ညူးစေတတ်ကုန်၏၊ (ဃ)ပညာကို အားနည်းအောင်ပြုလုပ်တတ်ကုန်၏၊ **(၄-မှတ်)** (မြန်၊၈၈)

၄။ သတိပဋ္ဌာန်လေးပါး မြတ်တရားကို ပွားများခြင်းကြောင့် ရနိုင်သည့်အကျိုးထူးများကို ရေး၍၊ "အဘယ်မျှဖြင့် ယောက်ျားမြတ် ဖြစ်ပါသနည်း"ဟူသော အမေးကို ဘုရားရှင်အလိုတော်ကျ ဖြေဆိုပြီး၊ "ကုသိုလ်တရားတို့၏ အစ"ဟူသည် အဘယ်ပါနည်း? ဗာဟိယအား မိန့်ကြားသည့်အတိုင်း ဖြေပါ။

၄။ **အကျိုးထူးများ** - (က)သတ္တဝါတို့၏ စိတ်စင်ကြယ်စေနိုင်၏၊ (ခ)စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်နိုင်၏၊ (ဂ)ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းနိုင်၏၊ (ဃ)အရိယမဂ်ကိုရနိုင်၏၊ (င)နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။ **(၅-မှတ်)** (မြန်၊၁၂၇)

**ဘုရားအလိုကျ အဖြေ** - အာသဝတို့မှလွတ်မြောက်သောစိတ်ရှိသောကြောင့်သာ 'ယောက်ျားမြတ်'ဟု ငါဆို၏ဟုဖြေတော်မူသည်။ **(၃-မှတ်)** (မြန်၊၁၄၂)

**ကုသိုလ်တရားတို့၏ အစဟူသည်** - ကောင်းစွာစင်ကြယ်သောသီလနှင့် ဖြောင့်မှန်သော အယူပင်တည်း။ **(၂-မှတ်)**(မြန်၊၁၄၈)

၅။ (က)ရုပ်အပေါင်း၏ ဖြစ်ကြောင်း၊ (ခ)ဝေဒနာ၏ ဖြစ်ကြောင်း၊ (ဂ)သဘောတရားတို့၏ ဖြစ်ကြောင်းတို့ကို ရေး၍၊ ဥဒ္ဓမ္ဘာဂိယ(အထက်ပိုင်း)သံယောဇဉ်သရုပ်ကိုလည်း မမှားအောင် ထုတ်ပြခဲ့ပါ။

၅။ (က)အာဟာရဖြစ်ခြင်းကြောင့် ရုပ်အပေါင်းဖြစ်ပေါ်၏။ (ခ)ဖဿဖြစ်ခြင်းကြောင့် ဝေဒနာတို့ဖြစ်၏၊ (ဂ)နှလုံးသွင်းမှုဖြစ်ခြင်းကြောင့် သဘောတရားတို့ဖြစ်ကုန်၏။ **(၅-မှတ်)** (မြန်၊၁၆၇)

**ဥဒ္ဓမ္ဘာဂိယသံယောဇဉ်သရုပ်** - (က)ရူပရာဂ၊ (ခ)အရူပရာဂ၊ (ဂ)မာန၊ (ဃ)ဥဒ္ဓစ္စ၊ (င)အဝိဇ္ဇာ။ **(၅-မှတ်)**(မြန်၊၁၇၄)

၆။ အနာဂါမ်ပုဂ္ဂိုလ်ငါးမျိုးကို စွမ်းနိုင်သမျှ အမည်ဖော်ပြ၍၊ သတိ၏ မှီခိုရာသည် အဘယ်နည်း? ဖြေဆိုပြီး၊ ကမ္မဋ္ဌာန်းသုံးပါး ပွားများခြင်းကြောင့် အရှင်ပိဏ္ဍောလဘာရဒွါဇ ရရှိသော အကျိုးထူးများကိုလည်း ဘုရားရှင်မိန့်တော်မူသည့်အတိုင်း ဖော်ပြခဲ့ပါ။

၆။ **အနာဂါမ်ပုဂ္ဂိုလ်ငါးမျိုး** - (က)အသက်တမ်း၏အလယ်၌ အရဟတ္တဖိုလ်သို့ရောက်လျက် ပရိနိဗ္ဗာန်ပြုသော <u>**အန္တရာပရိနိဗ္ဗာယီမည်သော**</u>အနာဂါမ်ပုဂ္ဂိုလ်၊

(ခ)အသက်တမ်း၏ ထက်ဝက်ကိုလွန်၍ အရဟတ္တဖိုလ်သို့ရောက်လျက်ပရိနိဗ္ဗာန်ပြုသော <u>**ဥပဟစ္စပရိနိဗ္ဗာယီမည်သော**</u>အနာဂါမ်ပုဂ္ဂိုလ်၊

(ဂ)ပယောဂ လုံ့လမပါဘဲ အရဟတ္တဖိုလ်သို့ရောက်လျက် ပရိနိဗ္ဗာန်ပြုသော <u>**အသင်္ခါရပရိနိဗ္ဗာယီမည်သော**</u>အနာဂါမ်ပုဂ္ဂိုလ်၊

(ဃ)ပယောဂ လုံ့လနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်လျက် ပရိနိဗ္ဗာန်ပြုသော <u>**သသင်္ခါရပရိနိဗ္ဗာယီမည်သော**</u>အနာဂါမ်ပုဂ္ဂိုလ်၊

(င)အထက်ဘုံသို့ အစဉ်အတိုင်းတက်၍ အကနိဋ္ဌဘုံ၌ အရဟတ္တဖိုလ်သို့ရောက်လျက် ပရိနိဗ္ဗာန်ပြုသော <u>**ဥဒ္ဓံသောတအကနိဋ္ဌဂါမီမည်သော**</u>အနာဂါမ်ပုဂ္ဂိုလ်။ **(၅-မှတ်)** (မြန်၊၁၈၆)
(ပါဠိဖြစ်စေ/ မြန်မာဖြစ်စေ တစ်ခုခုမှန်က အမှန်ပြည့်ပေးရန်)

**သတိ၏မှီခိုရာ ဟူသည်** - ကိလေသာမှလွတ်မြောက်မှု ဝိမုတ္တိဖြစ်သည်။(၁-မှတ်)(မြန်၊၁၉၇)

**ရရှိသောအကျိုးထူးများ** - (က)ပဋိသန္ဓေနေမှုကုန်ပြီ၊ (ခ)အကျင့်မြတ်ကိုကျင့်သုံးပြီးပြီ၊ (ဂ)ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ (ဃ)ဤမဂ်ကိစ္စအလို့ငှာတပါးသောပြုဖွယ်မရှိတော့။ **(၄-မှတ်)** (မြန်၊၂၀၃)

၇။ ဘုရားရှင်ကိုယ်တော်မြတ် အာယုသင်္ခါရ စွန့်လွှတ်တော်မူရာဌာနနှင့် ယင်းသို့ စွန့်လွှတ်သဖြင့် ဖြစ်ပေါ်လာသော လောကဓာတ်တစ်ခွင် ထူးခြားဖြစ်စဉ်တို့ကို ရေး၍၊ အားထုတ်မှု ဝီရိယဟု ဆိုလျက် "အလွန် တွန့်ဆုတ်သော အားထုတ်မှု ဝီရိယ"ဟူသည် အဘယ်နည်း? ရှင်းပြခဲ့ပါ။

၇။ အာယုသင်္ခါရစွန့်လွှတ်ရာဌာန - စာပါလစေတီ (၂-မှတ်)

**ထူးခြားဖြစ်စဉ်များ** - ကြက်သီးမွေးညင်းထလျက် ကြောက်မက်ဖွယ်ရာ ကြီးစွာသော မြေလျင်လှုပ်ခြင်းဖြစ်၏၊ တော်လည်းသံ(နတ်စည်)တို့သည်လည်း တဗြိမ့်ဗြိမ့် မြည်ဟီးကုန်၏။

**(၄-မှတ်)**(မြန်၊၂၃၃)

**အလွန်တွန့်ဆုတ်သော အားထုတ်မှုဝီရိယဟူသည်** - ပျင်းရိခြင်းနှင့်တကွဖြစ်သော ပျင်းရိခြင်းနှင့် ယှဉ်သော အားထုတ်မှု ဝီရိယကို ဆိုသည်။ **(၄-မှတ်)**(မြန်၊၂၄၇)

၈။ ဈာန်လေးပါးတို့ကို ကြိမ်ဖန်များစွာ ပွားများသည်ရှိသော် မည်သည့်အရပ်သို့ ညွတ်ကိုင်းသည်ကို ဥပမာနှင့်တကွ ဖြေ၍၊ မဟာနာမ်အား မိန့်ကြားအပ်သည့် သဒ္ဓါ-စသည်ထုံအပ်သောစိတ်ရှိသူတစ်ဦး သေလွန်ပြီးနောက် အထက်သို့သာ တက်လေ့ရှိပုံကို ပြဆိုသော ဥပမာစကားရပ်ကိုသာ နားလည်သလို ရေးပြခဲ့ပါ။

၈။ **ဈာန်လေးပါးတို့ကိုကြိမ်ဖန်များစွာပြုသော်** - နိဗ္ဗာန်သို့ ညွတ်ကိုင်းပါသည်။ **(၂-မှတ်)**

**ဥပမာ** - ဂင်္ဂါမြစ်သည် အရှေ့သို့ ညွတ်ကိုင်း ရှိုင်းသကဲ့သို့ဖြစ်ပါသည်။ **(၂-မှတ်)**(မြန်၊၂၇၁)

**ဥပမာ** - မဟာနာမ် ဥပမာသော်ကား ယောက်ျားသည် ထောပတ်အိုးကိုသော်၎င်း ဆီအိုးကိုသော်၎င်း နက်သောရေအိုင်၌ဆင်း၍ ခွဲငြားအံ့၊ **(၃-မှတ်)**

ထိုရေအိုင်၌ ထိုအိုး၏ အိုးခြမ်းကွဲ ကြီးငယ်သည် အောက်သို့ကျဆင်း၍ ထောပတ်သည်၎င်း ဆီသည်၎င်း အထက်သို့သာတက်ရာ၏ ထူးခြားစွာ သွားရာ၏။ **(၃-မှတ်)**(မြန်၊၃၂၅)

၉။ ချမ်းသာခြင်း၏ အကြောင်းဖြစ်သည့် ကောင်းမှုအစု ကုသိုလ်အယဉ်အမျိုးအစားတို့ကို ပဌမ, ဒုတိယ, တတိယ သုံးသုတ်လုံး ပေါင်းရုံး အနှစ်ချုပ် ထုတ်ပြ၍၊ သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးတန်တို့ကိုလည်း သဂါထကပုညာဘိသန္ဒဝဂ် အင်္ဂသုတ်တော်နှင့်အညီ ထုတ်ဖော်ပြခဲ့ပါ။

၉။ **ပေါင်းရုံး အနှစ်ချုပ်** - (က)မြတ်စွာဘုရား၌ မတုန်မလှုပ်ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်း၊ (ခ)တရားတော်၌ မတုန်မလှုပ်ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်း၊ (ဂ)သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်း၊ (ဃ)အရိယာတို့နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံခြင်း၊ (င)ဝန်တိုမှု အညစ်အကြေးကင်းသောစိတ်ဖြင့် အိမ်၌နေခြင်း၊ (စ)အဖြစ်အပျက်ကို သိသောပညာနှင့်ပြည့်စုံခြင်း။

**(၆-မှတ်)**(မြန်၊၃၄၄-၅-၆)

**သောတာပန်ဖြစ်ကြောင်းအင်္ဂါလေးတန်** - (က)သူတော်ကောင်းကို မှီဝဲပေါင်းသင်းခြင်း၊ (ခ)သူတော်ကောင်းတရားကို ကြားနာခြင်း၊ (ဂ)သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ (ဃ)တရားအားလျော်သောအကျင့်ကိုကျင့်ခြင်း။ **(၄-မှတ်)**(မြန်၊၃၅၉)

၁၀။ "ယုတ်မာသော အကြံအစည်တို့ကို မကြံစည်ကုန်ရာ"ဟု မိန့်တော်မူရာ ယုတ်မာသော အကြံအစည်တို့ဟူသည် အဘယ်နည်း? သရုပ်ထုပ်၍၊ လောကကြီး၏ မြဲ မမြဲကို ကြံစည်နေမှုထက် ကြံစည်သင့်သော အကြံအစည်ကို ဗုဒ္ဓအလိုတော်ကျ အကြောင်းနှင့် တကွ ထုတ်ဖော်ပြခဲ့ပါ။

၁၀။ **ယုတ်မာသောအကြံအစည်တို့ဟူသည်** - (က)ကာမ၌ကြံစည်မှု ကာမဝိတက်၊ (ခ)ပျက်စီးစေရန်ကြံစည်မှု ဗျာပါဒဝိတက်၊ (ဂ)ညှင်းဆဲရန်ကြံစည်မှု ဝိဟိံသာဝိတက်တို့တည်း။

**(၃-မှတ်)** (မြန်၊၃၇၁)

**ကြံစည်သင့်သောအကြံအစည်** - (က)ဤကား ဆင်းရဲတည်း၊ (ခ)ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း၊ (ဂ)ဤကား ဆင်းရဲချုပ်ရာနိဗ္ဗာန်တည်း၊ (ဃ)ဤကား ဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်တည်း ဟု ကြံစည်သင့်သည်။ **(၄-မှတ်)**

**အကြောင်း** - ဤအကြံအစည်သည် အကျိုးစီးပွားနှင့်စပ်၏၊ မဂ်တည်းဟူသော အကျင့်မြတ်၏ အစဖြစ်၏၊ ငြီးငွေ့ရန် တပ်ခြင်းကင်းရန် ချုပ်ရန် ငြိမ်းရန် ထူးသောဉာဏ်ဖြင့်သိရန် ကိုယ်တိုင်သိရန် တဏှာမှ ထွက်မြောက်ရန်ဖြစ်သောကြောင့်တည်း။ **(၃-မှတ်)**(မြန်၊၃၇၂)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့

ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၄) သံယုတ္တနိကာယ

## မဟာဝဂ္ဂသံယုတ် ပါဠိတော် မြန်မာပြန် အဖြေ

၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်၊ (၂၄. ၆. ၂၀၁၅) ဗုဒ္ဓဟူးနေ့

ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

••••••••••••••••••••••••••••••••••••

၁။ နန္ဒိယပရိဗိုဇ်အား ဟောကြားအပ်သည့် နိဗ္ဗာန်သို့ ရောက်ရန် ပွါးများ ပြုလုပ် မှီခိုအားထုတ်အပ်သည့် တရားမျိုးတို့ကို ဖော်ပြ၍၊ မကောင်းကျင့်သဖြင့် မည်သည့်တရားကို မပြီးစေနိုင်သည်ကိုလည်းကောင်း၊ သာမည, သာမညတ္တမည်သော တရားတို့ကိုလည်းကောင်း ဖော်ပြခဲ့ပါ။

**ဖြေ။ နိဗ္ဗာန်ရောက်ရန် ပွါးများပြုလုပ်အားထုတ်ရမည့်တရားများ** - ၁၊ မှန်ကန်သောအမြင် သမ္မာဒိဋ္ဌိ၊ ၂၊ မှန်ကန်သော အကြံ သမ္မာသင်္ကပ္ပ၊ ၃၊ မှန်ကန်သောစကား သမ္မာဝါစာ၊ ၄၊ မှန်ကန်သောအလုပ် သမ္မာကမ္မန္တ၊ ၅၊ မှန်ကန်သော အသက်မွေးမှု သမ္မာအာဇီဝ၊ ၆၊ မှန်ကန်သောအားထုတ်မှု သမ္မာဝါယာမ၊ ၇၊ မှန်ကန်သောအောက်မေ့မှု သမ္မာသတိ၊ ၈၊မှန်ကန်သောတည်ကြည်မှု သမ္မာသမာဓိ၊ ဤတရားရှစ်ပါးတို့ ဖြစ်ပါသည်။

(ပိုဒ်၊၁၀။ မြန်မာပြန် နှာ၊၁၁) ၄-မှတ်

**မကောင်းသဖြင့် ကျင့်သဖြင့်** - အသင့်အားဖြင့်ဖြစ်သော (အရိယာမဂ်)ကုသိုလ်တရားကို မပြီးစေနိုင်ပါ။

(ပိုဒ်၊၂၄။ မြန်မာပြန် နှာ၊၁၇) ၄-မှတ်

**သာမည မည်သောတရား** - မဂ်တရားဖြစ်ပါသည်။

**သာမညတ္တ မည်သောတရား** - နိဗ္ဗာန်ဖြစ်ပါသည်။(ပိုဒ်၊၃၆။ မြန်မာပြန် နှာ၊၂၃)

၁-မှတ်စီ ၂-မှတ်

၂။ မည်သည့်သတ္တဝါအမျိုးအစားတို့ထက် မြတ်ဘုရားသည် အမြတ်ဆုံး ဖြစ်သည်ကိုလည်းကောင်း၊ တသိနာ ခေါ် မွတ်သိပ်မှု သုံးမျိုးတို့ကိုလည်းကောင်း ဖော်ပြ၍၊ ကာမစ္ဆန္ဒ, ဗျာပါဒတို့၏ ဖြစ်ကြောင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။ မြတ်စွာဘုရားသည်** - အခြေမရှိသောသတ္တဝါ၊ အခြေနှစ်ချောင်းရှိသောသတ္တဝါ၊ အခြေလေးချောင်းရှိသောသတ္တဝါ၊ အခြေများစွာရှိသောသတ္တဝါ၊ ရုပ်ရှိသောသတ္တဝါ၊ ရုပ်မရှိသောသတ္တဝါ၊ သညာရှိသောသတ္တဝါ၊ သညာမရှိသောသတ္တဝါ၊ သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်း မဟုတ်သောသတ္တဝါဟူသမျှတို့ထက် အမြတ်ဆုံးဖြစ်ပါသည်။(ပိုဒ်၊၁၃၉။ မြန်မာပြန် နှာ၊၄၀) ၃-မှတ်

**မွတ်သိပ်မှု သုံးမျိုးတို့မှာ** - ၁။ ကာမ၌မွတ်သိပ်မှု ကာမတသိနာ၊ ၂။ ဘဝ မပြတ်ဟူသော အယူနှင့်တကွဖြစ်သော မွတ်သိပ်မှု ဘဝတသိနာ၊ ၃။ ဘဝပြတ်၏ဟူသောအယူနှင့်တကွဖြစ်သော မွတ်သိပ်မှု ဝိဘဝတသိနာ တို့ဖြစ်ပါသည်။ (ပိုဒ်၊၁၇၁။ မြန်မာပြန် နှာ၊၅၈) ၃-မှတ်

**ကာမစ္ဆန္ဒ ဖြစ်ကြောင်း** - တင့်တယ်သောအာရုံနိမိတ်၌ မသင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာပြုလုပ်ခြင်းဖြစ်ပါသည်။ ၂-မှတ်

ဗျာပါဒ ဖြစ်ကြောင်း - ထိပါးမှု ပဋိဃ၏ အာရုံနိမိတ်၌ မသင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာပြုလုပ်ခြင်းဖြစ်ပါသည်။ (ပိုဒ်၊၁၈၃။ မြန်မာပြန် နှာ၊၆၂) ၂-မှတ်

၃။ သူရိယူပမသုတ်တော် နှစ်သုတ်အလို ဗောဇ္ဈင်ခုနစ်ပါးတို့ ဖြစ်ပေါ်လာရန် ရှေ့သွားတို့ကို ဖော်ပြ၍၊ ရွှေ၏ အညစ်အကြေးငါးမျိုးနှင့် စိတ်၏အညစ်အကြေးငါးမျိုးတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **ရှေ့သွားများမှာ - ပဌမသုတ်အလို - မိတ်ဆွေကောင်းရှိခြင်း ဖြစ်ပါသည်။ ၂-မှတ်**

**ဒုတိယ သုတ်အလို - သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုနှင့်ပြည့်စုံခြင်းဖြစ်ပါသည်။**

(ပိုဒ်၊၁၉၃-၄။ မြန်မာပြန် နှာ၊၇၄) ၂-မှတ်

**ရွှေ၏အညစ်အကြေးငါးမျိုး** - ၁။ သံ၊ ၂။ ကြေး၊ ၃။ ခဲပုပ်၊ ၄။ ခဲမဖြူ၊ ၅။ ငွေ။ ၃-မှတ်

**စိတ်၏အညစ်အကြေးငါးမျိုး** - ၁။ ကာမစ္ဆန္ဒ၊ ၂။ ဗျာပါဒ၊ ၃။ ထိနမိဒ္ဓ၊ ၄။ ဥဒ္ဓစ္စကုက္ကုစ္စ၊ ၅။ ဝိစိကိစ္ဆာ တို့ဖြစ်ပါသည်။ (ပိုဒ်၊၂၁၄။ မြန်မာပြန် နှာ၊၈၇) ၃-မှတ်

၄။ ထိနမိဒ္ဓ ထကြွနှိပ်စက် စိတ်မြေးယှက်ပုံကို ပြသည့် ဥပမာကို ရေး၍၊ အဘယမင်းသား ဘုရားရှင်အား လျှောက်ထားသည့် ပူရဏကဿပ၏ အဆိုအမိန့်ကို ပြဆိုကာ၊ ပုဋ္ဌဝကသညာ, ဝိနီလကသညာတို့၏ အဓိပ္ပါယ်ကိုလည်း ရေးသားဖော်ပြခဲ့ပါ။

**ဖြေ။ ထိနမိဒ္ဓ မြေးယှက်ပုံပြ ဥပမာ** - မှော်သေး ရေညှိတို့ဖြင့် မြေးယှက် ဖုံးလွှမ်းနေသော ရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင် ကြည့်ရှုလတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်သကဲ့သို့ဖြစ်ပါသည်။(ပိုဒ်၊၂၃၆။ မြန်မာပြန် နှာ၊၁၁၁) ၃-မှတ်

**ပူရဏကဿပ ၏အဆိုအမိန့်** - အရှင်ဘုရား. . .မသိမမြင်ရန် အကြောင်းအထောက်အပံ့ မရှိ၊ အကြောင်းအထောက်အပံ့မရှိပဲ မသိမမြင်ခြင်း ဖြစ်၏။

သိမြင်ရန် အကြောင်းအထောက်အပံ့ မရှိ၊ အကြောင်းအထောက်အပံ့မရှိပဲ သိမြင်ခြင်း ဖြစ်၏ ဟု ပူရဏကဿပသည် ဤသို့ဆိုပါ၏ ဟု လျှောက်ထားပါးသည်။

(ပိုဒ်၊၂၃၇။ မြန်မာပြန် နှာ၊၁၁၅) ၃-မှတ်

**အဓိပ္ပါယ်** - ပိုးလောက်တို့ဖြင့် ပြည့်နေသော သူသေကောင်ဟု မှတ်သားမှုသည် ပုဋ္ဌဝကသညာ ဖြစ်ပါသည်။ ၂-မှတ်

ရုပ်ဆင်းပျက်လျက် ညိုမဲနေသော သူသေကောင်ဟု မှတ်သားမှုသည် ဝိနီလကသညာ ဖြစ်ပါသည်။

(ပိုဒ်၊၂၃၆-၇။ မြန်မာပြန် နှာ၊၁၁၉) ၂-မှတ်

၅။ သိန်းငှက်ထိုးသုတ်ခံရသော ဗီလုံးငှက်၏ ငိုကြွေးမည်တမ်းပုံကို ရေး၍၊ ရဟန်းတော်တို့အတွက် သူတပါးပိုင် နယ်နှင့် ဖခင်ပိုင်နယ်ကို ခွဲခြားသတ်မှတ်ပြပြီး၊ နာလန္ဒဝဂ်အလို 'ယောကျ်ားမြတ်'ဟု ဆိုထိုက်သူကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **ငိုကြွေးမည်တမ်းပုံ** - 'ငါတို့သာ ကြက်သရေမဲ့ကုန်၏၊ ငါတို့သာ ဘုန်းကံနည်းပါးကုန်၏၊ ငါတို့သည် မကျက်စားသင့်သော သူတပါးတို့၏နေရာ(အရပ်)၌ ကျက်စားမိကုန်၏၊ ယနေ့ ငါသည် မိမိ၏အဖနေရာ (မိရိုးဖလာအရပ်) ဖြစ်သော စားကျက်၌ ကျက်စားခဲ့မူ ဤသိန်းငှက်သည် ငါ့အား မဖမ်းနိုင်ရာ၊ စစ်ထိုးခြင်းသာ ဖြစ်လေရာ၏'ဟု မည်တမ်းပါသည်။ ၄-မှတ်

**ရဟန်းတော်တို့အတွက်** - အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကိုပွါးစေတတ် ချစ်ခင်ဖွယ်သဘောရှိ၍ ကာမနှင့်စပ်ကုန် တပ်မက်ဖွယ်ကောင်းကုန်သော (က) စက္ခုဝိညာဏ်ဖြင့် မြင်အပ်သော ရူပါရုံ (ခ) သောတဝိညာဏ်ဖြင့် ကြားအပ်သော သဒ္ဒါရုံ (ဂ) ဃာနဝိညာဏ်ဖြင့်နမ်းရှုအပ်သော ဂန္ဓာရုံ (ဃ) ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်သော ရသာရုံ (င) ကာယဝိညာဏ်ဖြင့် တွေ့ထိအပ်သောဖောဋ္ဌဗ္ဗာရုံ၊ (ကာမဂုဏ်ငါးပါး)တို့သည် မကျက်စားသင့်သော သူတပါးတို့၏ နေရာအရပ်ဖြစ်သည်။ ၃-မှတ်

သတိပဋ္ဌာန်လေးပါးတို့သည် ဖခင်ပိုင်နယ်ဖြစ်ပါသည်။ (ပိုဒ်၊၃၇၂။ မြန်မာပြန် နှာ၊၁၃၂-၃) ၁-မှတ်

ယောကျ်ားမြတ် ဟုဆိုထိုက်သူ - အာသဝတို့မှလွတ်မြောက်သောစိတ်သူ ဖြစ်ပါသည်။

(ပိုဒ်၊၃၇၇။ မြန်မာပြန် နှာ၊၁၄၂) ၂-မှတ်

၆။ အရှင်ဗာဟိယအား မိန့်ကြားသည့် ကုသိုလ်တရားတို့၏ အစကို ဖော်ပြ၍၊ မိမိကိုယ်ကို စောင့်ရှောက်သဖြင့် သူတပါးကို စောင့်ရှောက်ရာရောက်ပုံ၊ သူတပါးကို စောင့်ရှောက်သဖြင့် မိမိကိုယ်ကို စောင့်ရှောက်ရာ ရောက်ပုံတို့ကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။ ကုသိုလ်တရားတို့၏အစ** - ကောင်းစွာ စင်ကြယ်သော သီလ နှင့် ဖြောင့်မှန်သော အယူဖြစ်ပါသည်။

(ပိုဒ်၊၃၈၁။ မြန်မာပြန် နှာ၊၁၄၈) ၂-မှတ်

**စောင့်ရာရောက်ပုံ** - အဖန်ဖန်မှီဝဲခြင်း၊ ပွါးများခြင်း၊ ကြိမ်ဖန်များစွာပြုလုပ်ခြင်းဖြင့် မိမိကိုယ်ကို စောင့်ရှောက်သည်ရှိသော် သူတပါးကို စောင့်ရှောက်ရာရောက်ပါသည်။ ၄-မှတ်

သည်းခံခြင်း၊ မညှဉ်းဆဲခြင်း၊ မေတ္တာစိတ်ရှိခြင်း၊ အစဉ်သနားခြင်းဖြင့် သူတပါးကို စောင့်ရှောက်သည်ရှိသော် မိမိကိုယ်ကို စောင့်ရှောက်ရာရောက်ပါသည်။ (ပိုဒ်၊၃၈၅။ မြန်မာပြန် နှာ၊၁၅၂) ၄-မှတ်

၇။ ဣန္ဒြေငါးပါးတို့ကို အဘယ်အရာ၌ ရှုမှတ်ရမည်ကို ဣန္ဒြိယသံယုတ် ဒဠှဝဂ္ဂသုတ်အရ ဖြေဆို၍၊ သမာဓိန္ဒြေ၏ အဓိပ္ပါယ်ကို ဖော်ပြကာ၊ တိရစ္ဆာန်သတ္တဝါအားလုံးတို့တွင် သားတို့သနင်း ခြင်္သေ့မင်းကို မြတ်၏ဟု ဆိုနိုင်ခြင်းနှင့် ဗောဓိပက္ခိယအားလုံးတို့ထက် မြတ်သော ဣန္ဒြေကို ဖော်ပြခဲ့ပါ။

**ဖြေ။ အဘယ်အရာ၌ရှုမှတ်ရမည်** - (က)သောတာပတ္တိမင်္ဂ၏အကြောင်းတရားလေးပါး ဟူသော ဤအရာတို့၌ သဒ္ဓိန္ဒြေကို ရှုမှတ်အပ်၏။

(ခ)သမ္မပ္ပဓာန်လေးပါးဟူသော ဤအရာတို့၌ ဝီရိယိန္ဒြေကို ရှုမှတ်အပ်၏။

(ဂ)သတိပဋ္ဌာန်လေးပါးဟူသော ဤအရာတို့၌ သတိန္ဒြေကို ရှုမှတ်အပ်၏။

(ဃ)ဈာန်လေးပါးဟူသော ဤအရာတို့၌ သမာဓိန္ဒြေကို ရှုမှတ်အပ်၏။

(င)အရိယသစ္စာလေးပါးဟူသော ဤအရာတို့၌ ပညိန္ဒြေကို ရှုမှတ်အပ်၏။

(ပိုဒ်၊၄၇၈။ မြန်မာပြန် နှာ၊၁၇၇) ၁-မှတ်စီ ၅-မှတ်

**အဓိပ္ပါယ်** - ဤသာသနာ၌ အရိယာတပည့်သည် နိဗ္ဗာန်ကို အာရုံပြုလျက် တည်ကြည်မှု 'သမာဓိ'ကို ရ၏၊ စိတ်၏အာရုံတခုတည်း၌ တည်ကြည်မှု 'ဧကဂ္ဂတာ'ကို ရ၏၊ ဤသည်ကို သမာဓိန္ဒြေ ဟုဆိုအပ်ပါသည်။

(ပိုဒ်၊၄၈၁။ မြန်မာပြန် နှာ၊၁၈၁) ၃-မှတ်

**ခြင်္သေ့မင်း မြတ်၏ ဟုဆိုနိုင်ခြင်း** - သားတို့သနင်း ခြင်္သေ့မင်းကို အားအစွမ်းဖြင့်၎င်း၊ လျင်မြန်ခြင်းဖြင့်၎င်း၊ ရဲရင့်ခြင်းဖြင့်၎င်း၊ မြတ်၏ဟုဆိုအပ်ပါသည်။ ၁-မှတ်

**ဗောဓိပက္ခိယတရားအားလုံးတို့ထက်** - သိရန်အလို့ငှါ ပညိန္ဒြေကို မြတ်၏ ဟု ဆိုအပ်ပါသည်။

(ပိုဒ်၊၅၂၁။ မြန်မာပြန် နှာ၊၂၀၅) ၁-မှတ်

၈။ နိဗ္ဗာန်သို့ ညွတ်ကိုင်းမှု ဖြစ်ရန် သဒ္ဓိဗိုလ်ကို ပွါးများရာ၌ ပြည့်စုံရမည့် အချက်တို့ကို ဖော်ပြ၍၊ စာပါလစေတီအနီး ဘုရားရှင် မိန့်တော်မူသည့် မွေ့လျော်ဖွယ်သရုပ်တို့ကိုလည်း ထုတ်ပြခဲ့ပါ။

**ဖြေ။ ပြည့်စုံရန်အချက်များ** - (က) ကိလေသာမှ ဆိတ်ခြင်းကိုမှီသော၊ (ခ) စွဲမက်မှု ရာဂ ကင်းခြင်းကိုမှီသော၊ (ဂ) ချုပ်ခြင်းကို မှီသော၊ (ဃ) နိဗ္ဗာန်သို့ ညွတ်သော သဒ္ဓိဗိုလ်ကို ပွါးများရပါမည်။

(ပိုဒ်၊၇၀၅။ မြန်မာပြန် နှာ၊၂၂၁) ၅-မှတ်

**မွေ့လျော်ဖွယ်သရုပ်များ** - ၁။ ဝေသာလီပြည်၊ ၂။ ဥဒေနစေတီ၊ ၃။ ဂေါတမကစေတီ၊ ၄။ သတ္တမ္ဗစေတီ၊ ၅။ ဗဟုပုတ္တစေတီ၊ ၆။ သာရန္ဒဒစေတီ၊ ၇။ စာပါလစေတီတို့ဖြစ်ပါသည်။ (ပိုဒ်၊၈၂၂။ မြန်မာပြန် နှာ၊၂၂၉) ၅-မှတ်

၉။ ဣဒ္ဓိပါဒ်နှင့် ဣဒ္ဓိပါဒ်ပွါးများခြင်းသို့ ရောက်ကြောင်းအကျင့် အဓိပ္ပါယ်အချုပ်ကို ရေး၍၊ သာသနာပ ပရိဗိုဇ်တို့က 'ရဟန်းဂေါတမသည် မိုးလပတ်လုံး အဘယ်နေခြင်းမျိုးဖြင့် အနေများသနည်း'ဟူသော အမေး၏ အဖြေကို ရေးပြီး၊ ကောသလတိုင်း ဝေဠုဒွါရရွာသားတို့အား ဟောကြားအပ်သည့် မိမိကိုယ်၌ ဆောင်ထားထိုက်သော တရားဒေသနာ၏ အချုပ်ကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။** **အစိပ္ပါယ်အချုပ်** - ဣဒ္ဓိပါဒ်ဟူသည် ဣဒ္ဓိကိုရရန်ဖြစ်သော လမ်းစဉ်အကျင့်ကို ဣဒ္ဓိပါဒ်ဟု ဆိုအပ်ပါသည်။ ဣဒ္ဓိပါဒ်ပွါးများခြင်းသို့ရောက်ကြောင်းအကျင့်ဟူသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဖြစ်ပါသည်။

(ပိုဒ်၊၈၃၉။ မြန်မာပြန် နှာ၊၂၅၃) ၂-မှတ်စီ ၄-မှတ်

**ရဟန်းဂေါတမသည် မိုးလပတ်လုံး အဘယ်နေခြင်းမျိုးဖြင့် အနေများသနည်းဟု အမေးပြုလာသော်** - "ငါ့ရှင်တို့ မြတ်စွာဘုရားသည် မိုးလပတ်လုံး အာနာပါနသတိသမာဓိဖြင့် အနေများပါသည်"ဟု ဖြေရပါမည်။

(ပိုဒ်၊၉၈၇။ မြန်မာပြန် နှာ၊၂၈၅) ၂-မှတ်

**ကိုယ်၌ဆောင်ထားထိုက်သည့်ဒေသနာ၏အချုပ်** - (၁)မိမိကိုယ်တိုင်လည်း သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏၊

(၂) မိမိကိုယ်တိုင်လည်း မပေးသောဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏၊

(၃) မိမိကိုယ်တိုင်လည်း ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊

(၄) မိမိကိုယ်တိုင်လည်း မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊

(၅) မိမိကိုယ်တိုင်လည်း ကုန်းချောမှုမျိုးမှ ရှောင်ကြဉ်၏၊

(၆) မိမိကိုယ်တိုင်လည်း ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊

(၇) မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊

သူတပါးကိုလည်း ရှောင်ကြဉ်စေ၏၊ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏၊ ဤသို့ အစွန်းသုံးပါးမှ စင်ကြယ်ရပါမည်။ (ပိုဒ်၊၁၀၀၃။ မြန်မာပြန် နှာ၊၃၀၉-၃၁၀) ၄-မှတ်

၁၀။ နန္ဒိယအား မိန့်တော်မူသည့် ပျက်စီးကျရောက်ခြင်းသဘောမရှိ၊ အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသည့် တရားလေးမျိုးသရုပ်ကို ထုတ်ပြ၍၊ မိမိစကား လိုက်နာလိမ့်မည် မှတ်ထင်ရသည့် မိတ်ဆွေ ခင်ပွန်း ဆွေမျိုးသားချင်းဟူသမျှတို့ကို သနားစောင့်ရှောက် ဆောက်တည်စေထိုက်သည့် တရားသရုပ်ကို ထုတ်ပြပြီး၊ ဆင်းရဲမြင်သူသည် မည်သည့်အရာများကိုလည်း မြင်နိုင်ပါသနည်း ဖြေဆိုပါ။

**ဖြေ။** **တရားလေးမျိုးသရုပ်** - (၁) မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ (၂) တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ (၃) သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ (၄) အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံခြင်းတို့ဖြစ်ပါသည်။ ၄-မှတ်

[အကျဉ်းချုပ်ထားပါသည်] (ပိုဒ်၊၁၀၄၃။ မြန်မာပြန် နှာ၊၃၅၇)

**ဆောက်တည်စေထိုက်သည့် တရားသရုပ်** - (၁) ဆင်းရဲဖြစ်သောအရိယာတို့၏ အမှန်တရား၊ (၂) ဆင်းရဲဖြစ်ပေါ်ကြောင်းဖြစ်သော အရိယာတို့၏အမှန်တရား၊ (၃) ဆင်းရဲချုပ်ရာ(နိဗ္ဗာန်) ဖြစ်သော အရိယာတို့၏အမှန်တရား၊ (၄) ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့ဖြစ်ပါသည်။ (ပိုဒ်၊၁၀၉၆။ မြန်မာပြန် နှာ၊၃၈၇) ၄-မှတ်

**ဆင်းရဲကို မြင်သူသည်** - ဆင်းရဲဖြစ်ပေါ်ကြောင်းကိုလည်း မြင်ပါသည်၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ကိုလည်း မြင်နိုင်ပါသည်၊ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကိုလည်း မြင်နိုင်ပါသည်။

(ပိုဒ်၊၁၁၀၀။ မြန်မာပြန် နှာ၊၃၈၉) ၂-မှတ်

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၄) သံယုတ္တနိကာယ

## မဟာဝဂ္ဂသံယုတ် ပါဠိတော် မြန်မာပြန် မေးခွန်း နှင့် အဖြေ

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၃) ရက်၊ (၂၃. ၆. ၂၀၁၆) ကြာသပတေးနေ့

ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

**မေး၁။** အဘယ်မျှဖြင့် ကျင့်ဆဲ သေက္ခ ပုဂ္ဂိုလ်ဟု ပြောဆိုနိုင်သည်ကို ဖြေဆို၍၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ဖြစ်စေခြင်း၌ တစ်ခုသော တရားသည် ကျေးဇူးများ၏ဟု ဟောတော်မူရာ မဂ္ဂသံယုတ် ဧကဓမ္မပေယျာလ ဝဂ်အလို ယင်း တစ်ခုသော တရားသရုပ်ကို ထုတ်ပြခဲ့ပါ။

**ဖြေ။** **ကျင့်ဆဲ သေက္ခ ပုဂ္ဂိုလ်ဟု ပြောနိုင်ပုံ** - ၁။ မှန်ကန်သောအမြင် သမ္မာဒိဋ္ဌိ၊ ၂။ မှန်ကန်သောအကြံ သမ္မာသင်္ကပ္ပ၊ ၃။ မှန်ကန်သောစကား သမ္မာဝါစာ၊ ၄။ မှန်ကန်သောအလုပ် သမ္မာကမ္မန္တ၊ ၅။ မှန်ကန်သောအသက်မွေးမှု သမ္မာအာဇီဝ၊ ၆။ မှန်ကန်သောအားထုတ်မှု သမ္မာဝါယာမ၊ ၇။ မှန်ကန်သော အောက်မေ့မှု သမ္မာသတိ၊ ၈။ မှန်ကန်သောတည်ကြည်မှု သမ္မာသမာဓိ၊ ဤတရားရှစ်ပါးတို့နှင့် ပြည့်စုံခြင်းမျှဖြင့် ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်ဟု ပြောဆိုနိုင်ပါသည်။ **(၅-မှတ်)** (မြန်၊၁၃။ ပိုဒ်၊၁၃)

**တခုသောတရားသရုပ်** - (၁) မိတ်ဆွေကောင်းရှိခြင်း၊ (၂) သီလနှင့် ပြည့်စုံခြင်း၊ (၃) ကုသိုလ်ကောင်းမှုကို ပြုလိုမှု ဆန္ဒနှင့် ပြည့်စုံခြင်း၊ (၄) ပြည့်စုံသော စိတ်ရှိခြင်း၊ (၅) ဉာဏ်အမြင်နှင့် ပြည့်စုံခြင်း၊ (၆) မမေ့လျော့မှု အပ္ပမာဒတရားနှင့် ပြည့်စုံခြင်း၊ (၇) သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံခြင်းတို့ ဖြစ်ကြပါသည်။ **(၅-မှတ်)** (မြန်၊၂၈-၉။ ပိုဒ်၊၆၃-၄-၈)

**မေး၂။** (က) ရှာမှီးခြင်း သုံးပါး၊ (ခ) ဆင်းရဲခြင်း ဒုက္ခသုံးပါး၊ (ဂ) တဏှာ ဒိဋ္ဌိတို့ဖြင့် စွဲလမ်းယူအပ်ကုန်သော တရားအစုငါးခုတို့ကို အသီးသီး ဖော်ပြခဲ့ပါ။

**ဖြေ။** **ရှာမှီးခြင်းသုံးပါး** - (၁) ကာမကို ရှာမှီးခြင်း၊ (၂) ဘဝကို ရှာမှီးခြင်း၊ (၃) အကျင့်မြတ်ကို ရှာမှီးခြင်း။
(၃-မှတ်) (မြန်၊၅၃။ ပိုဒ်၊၁၆၁)

**ဆင်းရဲခြင်း ဒုက္ခသုံးပါး** - (၁) ဆင်းရဲအစစ်အဖြစ်ဖြင့် ဆင်းရဲခြင်း ဒုက္ခဒုက္ခ၊ (၂) ပြုပြင်အပ်သည်အဖြစ်ဖြင့် ဆင်းရဲခြင်း သင်္ခါရဒုက္ခ၊ (၃) ဖောက်ပြန်အပ်သည်အဖြစ်ဖြင့် ဆင်းရဲခြင်း ဝိပရိဏာမဒုက္ခ။
(၃-မှတ်) (မြန်၊၅၆။ ပိုဒ်၊၁၆၅)

**တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းယူအပ်ကုန်သော တရားအစုငါးခု** - (၁) ရူပုပါဒါနက္ခန္ဓာ၊ (၂) ဝေဒနုပါဒါနက္ခန္ဓာ၊ (၃) သညုပါဒါနက္ခန္ဓာ၊ (၄) သင်္ခါရုပါဒါနက္ခန္ဓာ၊ (၅) ဝိညာဏုပါဒါနက္ခန္ဓာတို့ ဖြစ်ကြပါသည်။
(၄-မှတ်) (မြန်၊၆၀။ ပိုဒ်၊၁၇၉)

**မေး၃။** ကုဏ္ဍလိယပရိဗိုဇ် ဘုရားရှင်အား လျှောက်ထားသည့်စကားရပ်ကို ဘုရားရှင်၏ အဖြေစကားရပ်နှင့် တကွ ရေးပြ၍၊ ဗောဇ္ဈင်ခုနစ်ပါးတို့ ဖြစ်ပေါ်ရန် အတွင်းအင်္ဂါ, အပအင်္ဂါ ဤနှစ်ဖြာကိုလည်း ခွဲခြားကာ ဖော်ပြခဲ့ပါ။

**ဖြေ။** **ကုဏ္ဍလိယ လျှောက်သည့်စကား** - အရှင်ဂေါတမ အကျွန်ုပ်သည် အရံကို အမှီပြု၍ နေလေ့ရှိပါ၏၊ ပရိသတ်၌ ကျက်စားပါ၏၊ ဆွမ်းစားပြီးနောက် နံနက်စာစားပြီးသော အကျွန်ုပ်အား 'အရံတခုမှ အရံတခုသို့ ဥယျာဉ်တခုမှ ဥယျာဉ်တခုသို့ လှည့်လည်သွားလာခြင်း ထိုထို ဤဤ လှည့်လည်ခြင်း' ဟူသော အကျင့်ရှိပါ၏၊

ထိုအကျွန်ုပ်သည် ထိုအရံဥယျာဉ်တို့၌ ဤသို့ ဝါဒတင်ခြင်းမျိုးမှ လွတ်မြောက်ခြင်း အကျိုးလည်းရှိသော သူတပါးတို့အပေါ်၌ ချုတ်ချယ်ခြင်း အကျိုးလည်းရှိသော စကားကို ပြောဆိုနေကုန်သော အချို့ သမဏ ဗြာဟ္မဏတို့ကို တွေ့မြင်ရပါ၏၊ အရှင်ဂေါတမသည်ကား အဘယ်အကျိုးရှိ၍ နေပါသနည်းဟု လျှောက်ပါသည်။
(၄-မှတ်)

**ဘုရားရှင် အဖြေစကား** - ကုဏ္ဍလိယ ငါဘုရားသည် အသိဉာဏ်'ဝိဇ္ဇာ' ကိလေသာမှ လွတ်မြောက်မှု'ဝိမုတ္တိ' အကျိုးအာနိသင်ရှိ၍သာ နေ၏ဟု မိန့်တော်မူပါသည်။ (၂-မှတ်)(မြန်၊၆၉။ ပိုဒ်၊၁၈၇)

**အတွင်းအင်္ဂါ** - သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း ဖြစ်ပါသည်။ (၂-မှတ်)

**အပအင်္ဂါ** - မိတ်ဆွေကောင်းရှိခြင်း ဖြစ်ပါသည်။ (၂-မှတ်) (မြန်၊၉၄-၅။ ပိုဒ်၊၂၃၀-၁)

မေး၄။ ဝေဠုဝရွာငယ်၌ သေလုနီးပါး ပြင်းထန်သောဝေဒနာကို သတိသမ္ပဇဉ်ဖြင့် သည်းခံတော်မူနေသော မြတ်စွာဘုရားအား ဖြစ်ပေါ်လာသည့် စိတ်အကြံတော်ကို ရေး၍၊ အဘယ်အရာ၌ သဒ္ဓိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေကို ရှုမှတ်အပ်သည်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **စိတ်အကြံတော်** - အလုပ်အကျွေးတို့ကို မသိစေမူ၍, ရဟန်းသံဃာကို မပန်ကြားမူ၍, ပရိနိဗ္ဗာန်ပြုခြင်းသည် ငါ့အား မသင့်လျော်ချေ၊ ငါသည် ဤအနာကို လုံ့လဖြင့် တွန်းလှန်ပယ်ခွါ၍ အသက်ကို ပြုစီရင်တတ်သော ဖလသမာပတ်ကို ဆောက်တည်နေရမူ ကောင်းပေလိမ့်မည်ဟု အကြံဖြစ်ပါသည်။ (၄-မှတ်) (မြန်၊၁၃၈။ ပိုဒ်၊၃၇၅)

**သဒ္ဓိန္ဒြေ ကို** - သောတာပတ္တိမဂ်၏အကြောင်းတရားလေးပါးဟူသော အရာတို့၌၊

**သမာဓိန္ဒြေ ကို** - ဈာန်လေးပါးဟူသော အရာတို့၌၊

**ပညိန္ဒြေ ကို** - အရိယသစ္စာလေးပါးဟူသော အရာတို့၌ ရှုမှတ်အပ်ပါသည်။

(၂-မှတ်စီ ၆-မှတ်) (မြန်၊၁၇၇။ ပိုဒ်၊၄၇၈)

မေး၅။ သစ်သားနှစ်ခု ထိခိုက်ပေါင်းဆုံမှု ဥပမာပြု၍ သုခဝေဒနာ အကြောင်းခံသည့် ဣန္ဒြေ ဖြစ်မှု ချုပ်မှု သိပုံကို ရေးပြ၍၊ (က) အချင်းချင်း၏ ကျက်စားရာအာရုံကို မခံစားကုန်သော ဣန္ဒြေငါးပါးတို့၏ မှီရာ၊ (ခ) ယင်းဣန္ဒြေတို့၏ ကျက်စားရာအာရုံကို ခံစားသည့်တရား၊ (ဂ) ကိလေသာမှ လွတ်မြောက်မှု၏ မှီရာတို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ **ဣန္ဒြေ ဖြစ်မှု ချုပ်မှု သိပုံ** - သစ်သားနှစ်ခုတို့၏ ထိခိုက်ပေါင်းဆုံခြင်းကြောင်း အပူငွေ့ဖြစ်၏၊ မီးဖြစ်ပေါ်လာ၏၊ ထိုသစ်သားနှစ်ခုတို့ကိုပင် တခြားစီခွဲ၍ထားခြင်းကြောင့် ထိုသစ်သားနှစ်ခုတို့ ပွတ်ခြင်းကြောင့်ဖြစ်ပေါ်လာသော အပူငွေ့သည် ချုပ်ငြိမ်းသကဲ့သို့၊ ထို့အတူပင် သုခဝေဒနာ၏အကြောင်းဖြစ်သော ထိတွေ့မှု'ဖဿ'ကိုစွဲ၍ သုခိန္ဒြေဖြစ်၏၊ ထိုသူသည် ချမ်းသာသည်ရှိသော 'ငါချမ်းသာ၏'ဟု သိ၏၊ သုခဝေဒနာ၏အကြောင်းဖြစ်သော ထိုထိတွေ့မှု'ဖဿ'ချုပ်ခြင်းကြောင့် ထိုအကြောင်း အားလျော်စွာ ခံစားအပ်သော သုခဝေဒနာ၏အကြောင်းဖြစ်သည့် တွေ့ထိမှု'ဖဿ'ကို စွဲ၍ဖြစ်သော သုခိန္ဒြေသည် ချုပ်ငြိမ်း၏သိပါသည်။ (၄-မှတ်) (မြန်၊၁၉၃။ ပိုဒ်၊၅၀၉)

(က) ဣန္ဒြေငါးပါးတို့၏မှီရာကား စိတ်ဖြစ်ပါသည်။

(ခ) ကျက်စားရာအာရုံကို စိတ်ကပင် ခံစားပါသည်။

(ဂ) ကိလေသာမှလွတ်မြောက်မှု၏မှီရာသည် နိဗ္ဗာန်ဖြစ်ပါသည်။ (၂-မှတ်စီ ၆-မှတ်)(မြန်၊၁၉၇။ ပိုဒ်၊၅၁၂)

မေး၆။ ဂိဇ္ဈကုဋ်တောင် သူကရခတလိုဏ်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား မိန့်တော်မူသော စကားတော်ကို ရေး၍၊ ဣဒ္ဓိပါဒသံယုတ် စာပါလဝဂ် အပါရသုတ်, နိဗ္ဗိဒါသုတ်, တို့ကို ရှု၍ ဣဒ္ဓိပါဒ်လေးပါးပွားများသဖြင့် ရအပ်သော အကျိုးတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **အရှင်သာရိပုတ္တရာအားမိန့်တော်မူသောစကားတော်** - သာရိပုတ္တရာ အာသဝကုန်ပြီးသောရဟန်းသည် မြတ်စွာဘုရား၌၄င်း မြတ်စွာဘုရား အဆုံးအမသာသနာ၌၄င်း လွန်ကဲသော ရိုသေတုပ်ဝပ်မှုဖြစ်လတ်သော် အဘယ်အကျိုးထူးကို ကောင်းစွာမြင်၍ ဖြစ်သနည်းဟု မိန့်တော်မူပါသည်။ (၄-မှတ်) (မြန်၊၂၁၀။ ပိုဒ်၊၅၂၈)

**အပါရသုတ်ကိုရှု၍** - သံသရာဟူသော ဤဖက်ကမ်းမှ နိဗ္ဗာန်ဟူသော ထိုဖက်ကမ်းသို့ သွားရောက်ခြင်းအကျိုး၊ (၃-မှတ်)

**နိဗ္ဗိဒါသုတ်ကိုရှု၍** - စင်စစ် ငြီးငွေ့ခြင်းအကျိုး၊ စွဲမက်မှု ရာဂ ကင်းခြင်းအကျိုး၊ ချုပ်ခြင်းအကျိုး၊ ငြိမ်းအေးခြင်းအကျိုး၊ အထူးသိခြင်းအကျိုး၊ နိဗ္ဗာန်အကျိုး၊ (၃-မှတ်) (မြန်၊၂၂၄-၅။ ပိုဒ်၊၈၁၃-၆)

မေး၇။ သာဝတ္ထိ သုတနုမြစ်ကမ်း၌ သီတင်းသုံးသော အရှင်အနုရုဒ္ဓါအား ရဟန်းများ မေးလျှောက်သည့် စကားကို ရေး၍၊ သတိပဋ္ဌာန်တရားဖြင့် အနေများ၍ ထူးခြားသော အရှင်အနုရုဒ္ဓါ၏ အသွင်ကို အမ္ဗပါလိဝနသုတ်အရ ထုတ်ပြပြီး၊ အာနာပါနသတိ ပွါးများပုံကို ပရိကမ်နှင့်တကွ အစနှစ်စုံမျှ ထုတ်ပြခဲ့ပါ။

ဖြေ။ **ရဟန်းအများ မေးလျှောက်သည့်စကား** - အရှင်အနုရုဒ္ဓါသည် အဘယ်တရားတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်သော အဘိညာဉ်ရှိသည့်အဖြစ်သို့ ရောက်ပါသနည်းဟု လျှောက်ပါသည်။

(၃-မှတ်) (မြန်၊၂၆၂။ ပိုဒ်၊၉၀၁)

**အမ္ဗပါလိဝနသုတ်အရ** - ဣန္ဒြေတို့သည် အလွန်ကြည်လင်ကုန်၏၊ မျက်နှာအဆင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ ဤသို့ ထူးခြားပါသည်။ (၃-မှတ်) (မြန်၊၂၆၅။ ပိုဒ်၊၉၀၇)

**အာနာပါနဿတိ ပွါးများပုံ** - တောသို့သွားရောက်၍ဖြစ်စေ, သစ်ပင်ရင်းသို့သွားရောက်၍ ဖြစ်စေ, ဆိတ်ငြိမ်ရာသို့သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ သတိကို ကမ္မဋ္ဌာန်းသို့ ရှေးရှုဖြစ်စေလျက် ထိုင်နေ၏၊ (၂-မှတ်)

သတိရှိလျက်သာ ထွက်သက်လေကို ထုတ်၏၊ သတိရှိလျက်သာ ဝင်သက်လေကို ရှူ၏။

ရှည်ရှည် ထွက်သက်လေကို ထုတ်လျှင်လည်း 'ရှည်ရှည်ထွက်သက်လေကို ထုတ်၏'ဟု သိ၏၊ ရှည်ရှည် ဝင်သက်လေကို ရှူလျှင်လည်း 'ရှည်ရှည်ဝင်သက်လေကို ရှူ၏'ဟု သိ၏။

(၂-မှတ်)(မြန်၊၂၇၃။ ပိုဒ်၊၉၇၇)

မေး၈။ ကိမိလ အာနာပါနဿတိသမာဓိကို အဘယ်သို့ ပွါးများအပ်သော် အကျိုးကြီးသနည်းဟူသော ဘုရားရှင်၏ သုံးကြိမ်သုံးခါ အမေးတော်ကို အဖြေမပေးရာ၌ အရှင်အာနန္ဒာ လျှောက်သည့် စကားရပ်ကို ရေး၍၊ သတိပဋ္ဌာန်လေးပါး ရှုပွါးသဖြင့် အကုသိုလ်အယုတ်တရားများ ဖျက်ဆီးနိုင်ပုံကို ကိမိလသုတ်လာ ဥပမာစကားဖြင့် ရှင်းပြခဲ့ပါ။

ဖြေ။ **အရှင်အာနန္ဒာ လျှောက်သည့်စကားရပ်** - ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤအာနာပါနဿတိသမာဓိကို ဟောတော်မူရန် အချိန်တန်ပါပြီ၊ ကောင်းသောစကားကို မိန့်ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤအာနာပါန-ဿတိသမာဓိကို ဟောတော်မူရန် အချိန်တန်ပါပြီ၊ မြတ်စွာဘုရား အထံမှ ကြားနာရ၍ ရဟန်းတို့သည် ဆောင်ထားရပါကုန်လတ္တံ့ဟု လျှောက်ပါသည်။(၄-မှတ်)

**အကုသိုလ်ဖျက်ဆီးနိုင်ပုံ ဥပမာ** - လမ်းလေးခွ၌ရှိသော မြေမှုန့်ပုံကြီးကို အရှေ့အရပ်မှ လာသော လှည်းသည်ငှင်း, ရထားသည်ငှင်း ဖျက်ဆီးသကဲ့သို့၊ အနောက်အရပ်မှလာသော၊ မြောက်အရပ်မှ လာသော၊ တောင်အရပ်မှ လာသော လှည်းသည်ငှင်း, ရထားသည်ငှင်း, ဖျက်ဆီးသကဲ့သို့(၃-မှတ်)

ထို့အတူပင် ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို၊ ဝေဒနာ၌၊ စိတ်၌၊ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုသည်ဖြစ်၍နေသော်လည်း အကုသိုလ် အယုတ်တရားတို့ကို ဖျက်ဆီးနိုင်သည်သာဖြစ်ပါသည်။ (၃-မှတ်) (မြန်၊၂၈၃-၅။ ပိုဒ်၊၉၈၆)

မေး၉။ ဝေဠုဒွါရရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့ မြတ်ဘုရားထံ ချဉ်းကပ် ထိုင်နေကြပုံ ကွဲပြားချက်ကို ဖော်ပြ၍၊ မဟာနာမ်အား မိန့်ကြားသော ဥပမာစကားရပ်ကိုလည်း နှစ်သုတ်လုံးအရ ဖော်ပြခဲ့ပါ။

ဖြေ။ **ထိုင်နေကြပုံ ကွဲပြားချက်** - (က)အချို့သူတို့သည် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေကုန်၏၊ (ခ)အချို့သူတို့သည် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အောက်မေ့ဖွယ် နှုတ်ဆက်စကား ပြောဆိုပြီး တခုသောနေရာ၌ ထိုင်နေကုန်၏၊ (ဂ)အချို့တို့သည် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီကုန်လျက် တခုသောနေရာ၌ ထိုင်နေကုန်၏၊ (ဃ)အချို့တို့သည် မြတ်စွာဘုရား၏အနီး၌ အမည် အနွယ်ကို လျှောက်ကြား၍ တခုသောနေရာ၌ ထိုင်နေကုန်၏၊ (င)အချို့တို့သည် တခုသောနေရာ၌ ဆိတ်ဆိတ်ထိုင်နေကုန်၏။(၅-မှတ်) (မြန်၊၃၀၉။ ပိုဒ်၊၁၀၀၃)

**ပဌမသုတ်အရ** - ယောကျ်ားသည် ထောပတ်အိုးကိုသော်၎င်း ဆီအိုးကိုသော်၎င်း နက်သောရေအိုင်၌ ဆင်း၍ ခွဲပြားအံ့၊ ထိုရေအိုင်၌ ထိုအိုး၏ အိုးခြမ်းကွဲ ကြီးငယ်သည် အောက်သို့ကျဆင်း၍ ထောပတ်သည်၎င်း ဆီသည်၎င်း အထက်သို့သာ တက်ရာ၏ ထူးခြားစွာသွားရာ၏။(၃-မှတ်)(မြန်၊၃၂၅။ ပိုဒ်၊၁၀၁၇)

**ဒုတိယသုတ်အရ** - အရှေ့သို့ ညွှတ်ကိုင်း ရှိုင်းသော သစ်ပင်သည် အမြစ်ကို ဖြတ်သည်ရှိသော် ညွှတ်ကိုင်း ရှိုင်းရာအရပ်၌ လဲကျရာ၏။ (၂-မှတ်) (မြန်၊၃၂၆။ ပိုဒ်၊၁၀၁၈)

**မေး၁၀။** သောတာပန်ဖြစ်ကြောင်းအင်္ဂါ လေးပါးသရုပ်ကို အင်္ဂသုတ်အလို ထုတ်ပြ၍၊ အညာသိကောဏ္ဍညဟု အမည်တွင်ရခြင်းအကြောင်းနှင့် ကုန်းနေ ရေနေ မည်သည့်သတ္တဝါတွေက ပို၍များသည်ကိုလည်း ဥပမာပြ၍ ဖော်ပြခဲ့ပါ။

**ဖြေ။** **အင်္ဂါလေးပါးသရုပ်** - (၁) သူတော်ကောင်းကို မှီဝဲပေါင်းသင်းခြင်း၊ (၂) သူတော်ကောင်းတရားကို ကြားနာခြင်း၊ (၃) သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ (၄) တရားအားလျော်သောအကျင့်ကို ကျင့်ခြင်း တို့ဖြစ်ပါသည်။ **(၄-မှတ်)** (မြန်၊၃၅၉။ ပိုဒ်၊၁၀၄၆)

**အညာသိကောဏ္ဍညဟု အမည်တွင်ရခြင်းအကြောင်း** - ရဟန်းတို့ ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေပြီတကား၊ ရဟန်းတို့ ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေပြီတကားဟု မြတ်စွာဘုရားသည် ဤဥဒါန်းကို ကျူးရင့်တော်မူသောကြောင့် သာလျှင် အရှင်ကောဏ္ဍညအား အညာသိကောဏ္ဍညဟူ၍ အမည်တွင်ရပါသည်။ **(၃-မှတ်)** (မြန်၊၃၇၇။ ပိုဒ်၊၁၀၈၁)

ဥပမာ - ကမ္ဘာမြေကြီးကို ထောက်ဆ၍ လက်သည်းဖျားပေါ် မြတ်စွာဘုရား တင်ထားတော်မူသော မြေမှုန့် အနည်းငယ်သည် မရေတွက်လောက် မနှိုင်းယှဉ်လောက် အစိတ်အပိုင်းသို့လည်း မရောက်နိုင်သကဲ့သို့၊ **(၂-မှတ်)**

ဤအတူပင် ကုန်း၌ဖြစ်သောသတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ရေ၌ဖြစ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်ပါသည်။ **(၁-မှတ်)** (မြန်၊၄၁၀-၁။ ပိုဒ်၊၁၁၃၁-၅)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာပေးပွဲ

# အုပ်စု (၄) သံယုတ္တနိကာယ

## မဟာဝဂ္ဂသံယုတ် ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၅) ရက်၊ (၁၄. ၆. ၂၀၁၇) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

**၁-မေး။** မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ရန် မိတ်ဆွေကောင်း အရေးကြီးပုံကို ထင်ရှားသည့်သာဓကမျှ ထုတ်ပြ၍၊ မြတ်သောအကျင့်ကို ကျင့်သုံးမှုကြောင့် ရသောအကျိုး(ဖြဟ္မစရိယဖလ)တို့ကို ထုတ်ပြပါ။

**ဖြေ။** **မိတ်ဆွေကောင်းအရေးကြီးပုံ-** မိတ်ဆွေကောင်းဖြစ်သော ငါဘုရားကို အကြောင်းပြု၍ ပဋိသန္ဓေနေမှုသဘောရှိကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေနေမှုမှ လွတ်မြောက်ကုန်၏၊ အိုမှုသဘောရှိကုန်သော သတ္တဝါတို့သည် အိုမှုမှ လွတ်မြောက်ကုန်၏၊ သေမှုသဘောရှိကုန်သော သတ္တဝါတို့သည် သေမှုမှ လွတ်မြောက်ကုန်၏၊ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှု သဘောရှိကုန်သော သတ္တဝါတို့သည် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့မှ လွတ်မြောက်ကြပါသည်။ **(၅-မှတ်) (နှာ-၃)**

**ဗြဟ္မစရိယဖလ** - သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ် တို့ဖြစ်ကြသည်။ **(၅-မှတ်) (နှာ-၂၄)**

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

**၂-မေး။** မာန ၃ မျိုးကိုဖြေ၍၊ ဗောဇ္ဈင် ၇ ပါးမြတ်တရား၏ (က) မှီရာ၊ (ခ) ရှေ့ပြေးပုဗ္ဗနိမိတ်များ၊ (ဂ)ယင်းဗောဇ္ဈင်တရားတို့၏ သရုပ်တို့ကို ဂိလာနဝဂ်မှ ထုတ်နှုတ်ပြပါ။

**ဖြေ။** **မာန ၃ မျိုး** - (၁)ငါသည် သူ့ထက်မြတ်၏ဟု ထောင်လွှားမှု မာန၊

(၂) ငါသည် သူနှင့်တူ၏ဟု ထောင်လွှားမှု မာန၊

(၃) ငါသည် သူ့အောက်ယုတ်၏ဟု ထောင်လွှားမှု မာန။ **(၂-မှတ်) (နှာ-၅၅)**

(က) သီလ **(၂-မှတ်) (နှာ-၇၄)**

(ခ) မိတ်ဆွေကောင်းရှိခြင်း၊ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုနှင့် ပြည့်စုံခြင်း၊
(၂-မှတ်) (နှာ-၇၄)

(ဂ) သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဉပေက္ခာသမ္ဗောဇ္ဈင်၊ **(၄-မှတ်) (နှာ-၇၄)**

•••••••••••••••••••••••••••••••••••••••

၃-မေး။ စကြာဝတေးမင်း၏ ရတနာ ၇ ပါးကို အစဉ်မမှားအောင် ဖြေဆို၍၊ တွန့်တိုဆုတ်နစ်စိတ်ဖြစ်သော အခါ ပွားများသင့်သော ဗောဇ္ဈင်များကိုလည်း ဥပမာနှင့်တကွ ဖြေဆိုပါ။

ဖြေ။ **ရတနာ ၇ ပါး** - စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိန်းမရတနာ၊ သူကြွယ်ရတနာ၊ သားကြီးရတနာ၊ (၄-မှတ်) (နှာ-၉၂)

**ပွားသင့်သော ဗောဇ္ဈင်များ** - ရဟန်းတို့ တွန့်တိုဆုတ်နစ်သောအခါ၌ ဤဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွားများရန်အခါတည်း၊ ဝီရိယသမ္ဗောဇ္ဈင်ကို -၊ ပီတိသမ္ဗောဇ္ဈင်ကို ပွားများရန် အခါတည်း၊

**ဥပမာ** - ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် အနည်းငယ်သော မီးကို တောက်စေလို၏၊ ထိုယောကျ်ားသည် ထိုမီးထဲ၌ မြက်ခြောက်တို့ကိုလည်းကောင်း, နွားချေးခြောက်တို့ကိုလည်းကောင်း, ထင်းခြောက်တို့ကိုလည်းကောင်း ထည့်ရာ၏၊ ခံတွင်းလေကိုလည်း မှုတ်ပေးရာ၏၊ မြေမှုန့်ဖြင့်လည်း မကြဲဖြန့်ရာ၊ ဤယောကျ်ားသည် အနည်းငယ်သော မီးကိုတောက်စေနိုင်သည် မဟုတ်လော။ (၆-မှတ်) (နှာ-၁၀၃)

•••••••••••••••••••••••••••••••••••

၄-မေး။ သတိပဋ္ဌာန်တရားပွားခြင်းကြောင့် ရနိုင်သောအကျိုးများကို အမ္ဗပါလိသုတ်အရထုတ်ပြ၍၊ ဥက္ကစေလသုတ်လာ သာဝကနှင့် ဘုရားရှင်တို့၏ အံ့ဩဖွယ်ရာများကိုလည်း ဖြေဆိုပါ။

ဖြေ။ **ရနိုင်သောအကျိုးများ** - သတ္တဝါတို့၏စိတ်စင်ကြယ်ခြင်း၊ စိုးရိမ်ပူပန်မှု ငိုကြွေးမှုတို့ကို လွန်မြောက်ခြင်း၊ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုတို့ ချုပ်ငြိမ်းခြင်း၊ အရိယမဂ်ကိုရခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းတို့ ဖြစ်ကြသည်။ (၄-မှတ်) (နှာ-၁၂၇)

**အံ့ဩဖွယ်ရာများ** - ရဟန်းတို့ တပည့်သာဝကတို့၏အဖြစ်မျိုးသည် အံ့ဖွယ်ဖြစ်ပေစွ၊ မဖြစ်ဖူးမြဲဖြစ်ပေစွ၊ မြတ်စွာဘုရား၏ဆုံးမချက်ကို လိုက်နာကုန်ဘိ၏၊ သွန်သင်ချက်ကို လိုက်နာကုန်ဘိ၏၊ ပရိသတ်လေးပါးတို့သည် ချစ်အပ် မြတ်နိုးအပ်ကုန်သည်ဖြစ်၍ အလေးပြုအပ် နှလုံးကို ပွားစေတတ်ကုန်၏။

ရဟန်းတို့ မြတ်စွာဘုရား၏ အဖြစ်မျိုးသည် အံ့ဖွယ်ဖြစ်ပေစွ၊ မဖြစ်ဖူးမြဲဖြစ်ပေစွ၊ ဤသို့သဘောရှိသော တပည့်သာဝကအစုံသည် ပရိနိဗ္ဗာန်ပြုပါသော်လည်း မြတ်စွာဘုရားအား စိုးရိမ်ပူဆွေးခြင်းသည်လည်းကောင်း၊ ငိုကြွေးခြင်းသည်လည်းကောင်း မရှိပေ။

(၃-မှတ်စီ ၆ မှတ်) (နှာ-၁၄၇)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၅-မေး။ (က) ဇီဝိတိန္ဒြိယသုတ်လာ ဣန္ဒြေတရား၊ (ခ) အရဟန္တသုတ်လာ ဣန္ဒြေတရားတို့ကို ထုတ်ပြ၍၊ ဇရာဓမ္မသုတ်လာ ဘုရားရှင်အား အရှင်အာနန္ဒာ လျှောက်ထားသော စကားရပ်ကိုလည်း ဖြေဆိုပါ။

ဖြေ။ (က) ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေ။ (၂-မှတ်) (နှာ-၁၈၅)

(ခ) စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ။ (၃-မှတ်)(နှာ-၁၈၇)

**အရှင်အာနန္ဒာလျှောက်သော စကား** - အရှင်ဘုရား အံ့ဩဖွယ်ရှိပါပေစွ၊ အရှင်ဘုရား မဖြစ်ဖူးမြဲဖြစ်ပါပေစွ၊ အရှင်ဘုရား ယခုမြတ်စွာဘုရား၏အရေအဆင်းတော်သည် ရှေးကကဲ့သို့ စင်ကြယ်ဖြူစင်ခြင်း မရှိတော့ပါ၊ ခန္ဓာကိုယ်အားလုံးတို့သည် လျော့ပါးကုန်သည်ဖြစ်၍ အရေတွန့်လိပ်နေပါကုန်၏၊ ခန္ဓာကိုယ်သည် ရှေ့သို့ ကိုင်းရှိုင်းပါ၏၊ စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ-ဟူသော ဣန္ဒြေတို့၏ဖောက်ပြန်ခြင်းသည် ထင်ပါ၏။

(၅-မှတ်) (နှာ-၁၉၆)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၆-မေး။ ဗောဓိပက္ခိယတရားတို့တွင် မည်သည့်တရားသည် အမြတ်ဆုံးဖြစ်သည်ကို ဥပမာနှင့်တကွ ဖြေ၍၊ မွေ့လျော်ဖွယ်ကောင်းသော နေရာဒေသများကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **အမြတ်ဆုံးဗောဓိပက္ခိယနှင့် ဥပမာ** - ရဟန်းတို့ တိရစ္ဆာန် သတ္တဝါအားလုံးတို့တွင် သားတို့သနင်း ခြင်္သေ့မင်းကို အားအစွမ်းဖြင့်လည်းကောင်း၊ လျင်မြန်ခြင်းဖြင့်လည်းကောင်း၊ ရဲရင့်ခြင်းဖြင့်လည်းကောင်း မြတ်၏ဟု ဆိုအပ်သကဲ့သို့၊ ရဟန်းတို့ ဤအတူပင် ဗောဓိပက္ခိယ တရား အားလုံးတို့ထက် သိရန်အလို့ငှါ ပညိန္ဒြေကို အမြတ်ဆုံးဟု ဆိုအပ်၏။

(၅-မှတ်)(နှာ-၂၀၅)

**မွေ့လျော်ဖွယ်နေရာများ** - ဝေသာလီပြည်၊ ဥဒေနစေတီ၊ ဂေါတမကစေတီ၊ သတ္တမ္ဗစေတီ၊ ဗဟုပုတ္တစေတီ၊ သာရန္ဒဒစေတီ၊ စာပါလစေတီ။ (၅-မှတ်) (နှာ-၂၂၉)

၇-မေး။ အရှင်အနုရုဒ္ဓါမထေရ်မြတ် ဆိတ်ငြိမ်ရာအရပ်သို့ကပ်စဉ် ဖြစ်ပေါ်လာသည့်အကြံကို ပဌမရဟော ဂတသုတ်အရ ထုတ်ပြ၍၊ အရှင်အရိဋ္ဌမထေရ် အာနာပါနသတိကမ္မဋ္ဌာန်း ပွားပုံကိုလည်း ဖြေဆိုပါ။

ဖြေ။ **အရှင်အနုရုဒ္ဓါအကြံ** - 'သတိပဋ္ဌာန်လေးပါးတို့ကို ချုတ်ယွင်းစေသူဟူသမျှတို့အား ကောင်းစွာဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အရိယမဂ်ကို ချုတ်ယွင်းစေသည်မည်၏၊ သတိပဋ္ဌာန်လေးပါးတို့ကို အားထုတ်ကြသူဟူသမျှတို့အား ကောင်းစွာ ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အရိယမဂ်ကို အားထုတ်အပ်သည်မည်၏။ (၅-မှတ်) (နှာ-၂၅၉)

**အရှင်အရိဋ္ဌ အာနာပါနကမ္မဋ္ဌာန်းပွားများပုံ** - အရှင်ဘုရား အကျွန်ုပ်သည် လွန်ပြီး အတိတ်ကာမဂုဏ်တို့၌ ကာမကိုလိုချင်မှု ကာမစ္ဆန္ဒကို ပယ်ပါ၏၊ အကျွန်ုပ်အား အနာဂါတ်ကာမဂုဏ်တို့၌ ကာမကိုလိုချင်မှု ကာမစ္ဆန္ဒသည် ကင်းပါ၏၊ အကျွန်ုပ်သည် အတွင်း အပ အာယတနတို့၌ ထိပါးမှု ပဋိဃနှင့်ယှဉ်သော မှတ်သားမှုသညာကို ကောင်းစွာ ပယ်ဖျောက်ပါ၏၊ အကျွန်ုပ်သည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ထုတ်ပါ၏၊ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူပါ၏၊ အရှင်ဘုရား အကျွန်ုပ်သည် အာနာပါနသတိကို ဤသို့ပင် ပွားများပါ၏။

(၅-မှတ်) (နှာ-၂၇၆)

၈-မေး။ မည်သည့်ပုဂ္ဂိုလ်မျိုးကို 'သောတာပန်'ဟု ခေါ်ဆိုနိုင်သည်ကို ဖြေ၍၊ နန္ဒကလိစ္ဆဝီအမတ်က ယောက်ျား တစ်ယောက်အား ပြောသော စကားရပ်ကိုလည်း ဖြေဆိုပါ။

ဖြေ။ **သောတာပန် ဟူသည်** - အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်နှင့် ပြည့်စုံသောသူကို သောတာပန်ဟု ဆိုအပ်ပါသည်။ (၅-မှတ်) (နှာ-၃၀၄)

**နန္ဒကလိစ္ဆဝီအမတ်ကြီးပြောသော စကား** - အချင်း ယခု ဤအပဖြစ်သော ရေချိုးခြင်းဖြင့် အကျိုးမရှိ၊ မြတ်စွာဘုရား၌ ကြည်ညိုခြင်းဟူသော အတွင်းဖြစ်သော ဤရေချိုးခြင်းသာ သင့်မြတ်သည်ဖြစ်လတ့်။ (၅-မှတ်) (နှာ-၃၄၄)

•••••••••••••••••••••••••••••••••••••••••

၉-မေး။ အဝိဇ္ဇာမည်သော တရား၏အဓိပ္ပာယ်ကို ရေး၍၊ သံသရာတခွင် ကျင်လည်ကြရခြင်း၏အကြောင်းကိုလည်း, ယင်းအကြောင်းတရားကို ဟောရာဒေသနှင့်တကွ ဖြေဆိုပါ။

ဖြေ။ **အဝိဇ္ဇာမည်သော တရားများ** - ဆင်းရဲကို မသိခြင်း၊ ဆင်းရဲဖြစ်ပေါ်ကြောင်းကို မသိခြင်း၊ ဆင်းရဲချုပ်ရာနိဗ္ဗာန်ကို မသိခြင်း၊ ဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို မသိခြင်းကို အမှန်မသိမှု အဝိဇ္ဇာဟု ဆိုအပ်၏။ (၅-မှတ်) (နှာ-၃၈၂)

**သံသရာကျင်လည်ရကြောင်း** - အရိယသစ္စာလေးပါးတို့ကို လျော်စွာမသိခြင်းကြောင့်၊

**ဟောရာဒေသ** - ဝဇ္ဇီတိုင်း ကောဋိရွာ၊ (၃-မှတ်၊ ၂-မှတ် ၅-မှတ်) (နှာ-၃၈၄)

•••••••••••••••••••••••••••••••••••••••••

၁၀-မေး။ 'လောကရေးရာကို ကြံစည်မည်'ဟု အားခဲ၍ထွက်လာသော ယောကျ်ား၏ သုမာဂဓရေကန်ဝယ် တွေ့မြင်ခဲ့ရသော ဆန်းကြယ်သော အခြင်းအရာကို ဖြေ၍၊ ပြိတ္တာဘဝမှ စုတေသူတို့သည် နတ်ပြည်နှင့် ပြိတ္တာဘဝတို့တွင် မည်သည့်ဘဝ၌သာ ဖြစ်ကြပါသနည်း အကြောင်းပြကာ ဖြေဆိုပါ။

ဖြေ။ **ဆန်းကြယ်သော အခြင်းအရာ** - ထိုယောကျ်ားသည် သုမာဂဓရေကန်ကမ်းနား၌ ကြာစွယ်ကြာရင်းသို့ ဝင်သွားသော အင်္ဂါလေးပါးရှိသော စစ်သည်ကို မြင်ရပါသည်။

(၅-မှတ်) (နှာ-၃၉၆)

**ပြိတ္တာဘဝမှ စုတေသူတို့သည်** - ပြိတ္တာဘဝမှ စုတေ၍ ပြိတ္တာဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် ပို၍ များကုန်ပါသည်။ (၂-မှတ်)

**အကြောင်းမှာ** - အရိယသစ္စာတရားလေးပါးတို့ကို မမြင်ခြင်းကြောင့် - ။

(၃-မှတ်) (နှာ-၄၂၁)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၄) သံယုတ္တနိကာယ

## မဟာဝဂ္ဂသံယုတ် ပါဠိတော် မြန်မာပြန် မေးခွန်း+အဖြေလွှာ

၁၃၈၀-ခုနှစ်၊ ပထမဝါဆိုလဆန်း (၈) ရက်၊ (၂၀.၆.၂၀၁၈) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

+ + + + +

**မေး ၁။** အယူမတူသူများက ငါ့ရှင်တို့ အဘယ်အကျိုးကို လို၍ ရဟန်းဂေါတမထံ တပည့်ခံပြီး အကျင့်မြတ်ကို ကျင့်နေဘိသနည်း-ဟု မေးသော် ဖြေဆိုရန် နည်းလမ်းကို ကိမတ္ထိယသုတ်နှင့် အညီ ရေး၍၊ နိဗ္ဗာန်သို့ ရောက်နိုင်ရန် ကြိမ်ဖန်များစွာ ပွါးများမှု ပြုအပ်သည့် တရားများကို နန္ဒိယသုတ်နှင့် အညီ ဖော်ပြခဲ့ပါ။

**ဖြေ ၁။ ကိမတ္ထိယသုတ်နှင့်အညီ** - ဆင်းရဲကို ပိုင်းခြား၍သိခြင်းငှာ မြတ်စွာဘုရားထံ မြတ်သော အကျင့်ကို ကျင့်သုံး၏ ဖြေရပါမည်။ (နှာ၊၆)

နန္ဒိယသုတ်နှင့်အညီ - မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'၊ မှန်ကန်သောအကြံ 'သမ္မာသင်္ကပ္ပ'၊ မှန်ကန်သောစကား 'သမ္မာဝါစာ'၊ မှန်ကန်သောအလုပ် 'သမ္မာကမ္မန္တ'၊ မှန်ကန်သော အသက်မွေးမှု 'သမ္မာအာဇီဝ'၊ မှန်ကန်သော အားထုတ်မှု 'သမ္မာဝါယာမ'၊ မှန်ကန်သော အောက်မေ့မှု 'သမ္မာသတိ'၊ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'။ (နှာ၊၁၁)

**မေး ၂။** အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ဖြစ်စေခြင်းငှာ ကျေးဇူးများသော တစ်ခုသော တရားဟူသည် အဘယ်နည်း? ဧကဓမ္မပေယျာလဝဂ် အရ ထုတ်နုတ်ပြပြီး၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပွါးများမှု၏ မှီတည်ရာကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ ၂။ ဧကဓမ္မပေယျာလဝဂ် အရ** - မိတ်ဆွေကောင်းရှိခြင်း။ သီလနှင့်ပြည့်စုံခြင်း။ ကုသိုလ်ကောင်းမှုကို ပြုလိုမှု'ဆန္ဒ'နှင့် ပြည့်စုံခြင်း။ ပြည့်စုံသော စိတ်ရှိခြင်း။ ဉာဏ်အမြင်နှင့် ပြည့်စုံခြင်း။ မမေ့လျော့မှု 'အပ္ပမာဒ'တရားနှင့် ပြည့်စုံခြင်း။ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံခြင်း။

မှီတည်ရာ - သီလကို မှီ၍ သီလ၌ တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ပါသည်။ (နှာ၊၄၄)

**မေး ၃။** နှောင်ဖွဲ့မှု သံယောဇဉ်တရားများကို အောက်ပိုင်း အထက်ပိုင်း ခွဲခြား ပြ၍၊ ကုက္ကုလိယ ပရိဗိုဇ်က 'အရှင်ဂေါတမ အဘယ်အကျိုးရှိ၍ နေပါသနည်း' ဟူသောအမေးကို မည်သို့ဖြေဆိုသည်ကိုလည်း အချုပ်မျှသာ ဖော်ပြခဲ့ပါ။

**ဖြေ ၃။** **အောက် အထက် ခွဲခြားချက်** - သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမစ္ဆန္ဒ၊ ဗျာပါဒတို့သည် အောက်ပိုင်းသံယောဇဉ်။

ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဒစ္စ၊ အဝိဇ္ဇာတို့သည် အထက်ပိုင်းသံယောဇဉ်။ (နှာ၊၆၁)

ဖြေဆိုပုံ အချုပ်မျှသာ - အသိဉာဏ် 'ဝိဇ္ဇာ'၊ ကိလေသာမှ လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးအာနိသင် ရှိ၍သာ နေ၏ဟု ဖြေပါသည်။ (နှာ၊၆၉)

**မေး ၄။** ကာမရာဂ ထကြွနှိပ်စက်သော စိတ် ဖြစ်နေသောအခါ မသိမမြင်နိုင်သော အခြင်းအရာတို့ကို သင်္ဂါရဝသုတ်အလို ဥပမာနှင့်တကွ ထုတ်ပြ၍၊ သိန်းငှက်ထိုးသုတ်ခံရသော ဗီလုံးငှက်၏ ငိုမည်တမ်းလျက် ပြောဆိုနေသည့် စကားရပ်များကို ရေးပြခဲ့ပါ။

**ဖြေ ၄။** **သင်္ဂါရဝသုတ်အလို** - မိမိအကျိုးကို ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတစ်ပါးအကျိုးကို ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ ကာလရှည်စွာ ရွတ်အံ သရဇ္ဈာယ်မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ သရဇ္ဈာယ်မှုကို မပြုကုန်မှုကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ဥပမာ - ချိတ်နှင့်ဖြစ်စေ၊ နနွင်းနှင့်ဖြစ်စေ၊ မဲနယ်နှင့်ဖြစ်စေ၊ ထန်းကျင့်(နီပါးဆေး)မှုန့်နှင့် ဖြစ်စေ ရောနှောသော ရေခွက်၌ မျက်စိအမြင်ရှိသော ယောက်ျားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင်ကြည့်ရှုသော် ဟုတ်တိုင်းမှန်စွာ မသိ မမြင်နိုင်ရာသကဲ့သို့။ (နှာ၊၁၁၀)

ငိုမည်တမ်းလျက် ပြောနေသည့်စကားရပ်များ - "ငါတို့သာ ကြက်သရေမဲ့ကုန်၏၊ ငါတို့သာ ဘုန်းကံနည်းပါးကုန်၏၊ ငါတို့သည် မကျက်စားသင့်သော သူတပါးတို့၏ နေရာအရပ်၌ ကျက်စားမိကုန်၏၊ ယနေ့ ငါသည် မိမိ၏ အဖ၏နေရာ(မိရိုးဖလာအရပ်)၌ဖြစ်သော စားကျက်၌ ကျက်စားခဲ့မူ ဤသိန်းငှက်သည် ငါ့အား မဖမ်းနိုင်ရာ၊ စစ်ထိုးခြင်းသာ ဖြစ်လေရာ၏"ဟု မြည်တမ်းပါသည်။ (နှာ၊၁၃၂)

မေး ၅။ အရှင်ဂေါတမ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာ မတည်ခြင်း၏အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း? ကြာရှည်စွာ တည်ခြင်း၏အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း? ဟူသော ပုဏ္ဏားတစ်ယောက်၏ အမေးကို ဘုရားရှင် ဖြေဆိုတော်မူပုံ အမြွက်မျှ ရေး၍၊ သတိပဋ္ဌာန်လေးပါးတို့ကို ပွားများအပ်သော် အာသဝတရား သုံးပါးတို့ကို ပယ်နိုင်သည်ဆိုရာ ယင်းအာသဝ သုံးပါးသရုပ်ကို ထုတ်ပြခဲ့ပါ။

ဖြေ ၅။ ဖြေဆိုပုံ - ပုဏ္ဏား သတိပဋ္ဌာန်လေးပါးတို့ကို မပွားများခြင်းကြောင့် ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာ မတည်။

သတိပဋ္ဌာန်လေးပါးတို့ကို ပွားများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာ တည်၏ဟု ဖြေပါသည်။ (နှာ၊၁၅၆)

အာသဝသုံးပါး - ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ။ (နှာ၊၁၇၂)

မေး ၆။ ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးခိုက် ဘုရားရှင်၏ ကိုယ်တော်ကို လက်ဖြင့် ဆုပ်နယ်မှု အဖန်ဖန် ပြုပြီး ခန္ဓာအို၍ အရေတွန့်နေပါကြောင်း လျှောက်သည့် အရှင်အာနန္ဒာကို ပြန်လည်မိန့်သည့် စကားရပ်တို့ကို ရေးပြ၍၊ ဗောဓိပက္ခိယတရားတို့ထက် မြတ်သော သဘောတရားကို ဥပမာပြကာ ဖော်ပြခဲ့ပါ။

ဖြေ ၆။ ပြန်လည်မိန့်သည့်စကားစု - အာနန္ဒာ ထိုစကားသည် မှန်၏၊ ပျိုနုခြင်းသဘောရှိခဲ့သော် အိုခြင်းသဘောရှိ၏၊ ကျန်းမာခြင်းသဘောရှိခဲ့သော် နာခြင်းသဘောရှိ၏၊ အသက်ရှင်ခြင်းသဘော ရှိခဲ့သော် သေခြင်းသဘောရှိ၏၊ အရေအဆင်းသည် ရှေးကကဲ့သို့ စင်ကြယ်ဖြူစင်ခြင်း မရှိတော့ပေ၊ ခန္ဓာကိုယ်အားလုံးတို့သည် လျော့ပါးကုန်သည်ဖြစ်၍ အရေတွန့်လိပ်နေကုန်၏၊ ခန္ဓာကိုယ်သည် ရှေ့သို့ ကိုင်းရှိုင်း၏၊ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ-ဟူသော ဣန္ဒြေတို့၏ ဖောက်ပြန်ခြင်းသည် ထင်၏ဟု မိန့်တော်မူပါသည်။ (နှာ၊၁၉၆)

ဥပမာပြကာ - တိရစ္ဆာန်အားလုံးတို့တွင် သားတို့သနင်း ခြင်္သေ့မင်းကို အားအစွမ်းဖြင့်၎င်း လျင်မြန်ခြင်းဖြင့်၎င်း ရဲရင့်ခြင်းဖြင့်၎င်း မြတ်၏-ဟု ဆိုအပ်သကဲ့သို့၊

ဗောဓိပက္ခိယတရားအားလုံးတို့ထက် သိရန်အလို့ငှါ ပညိန္ဒြေကို မြတ်၏-ဟု ဆိုအပ်ပါသည်။ (နှာ၊၂၀၅)

မေး ၇။ ရှာမှီးခြင်းသုံးမျိုးကို ထုတ်ပြ၍၊ ကာဒွိပါဒ်လေးပါးတို့ကို ပွါးများခြင်း၊ ကြိမ်ဖန်များစွာ ပြုခြင်းကြောင့် အကျိုးတရားကို အယောဂဝင် ဘိက္ခုသုတ်အရ ထုတ်နုတ်ဖြေဆိုပြီး၊ ကျင့်ဆဲ သေခရဟန်း ကပ်ရောက်နေထိုက်သော တရားကို အရှင်အနုရုဒ္ဓါ ဖြေစကားအရ ရေးပြခဲ့ပါ

ဖြေ ၇။ **ရှာမှီးခြင်းသုံးမျိုး** - ကာမကို ရှာမှီးခြင်း၊ ဘဝကို ရှာမှီးခြင်း၊ အကျင့်မြတ်ကို ရှာမှီးခြင်း။

(နှာ၊၂၁၉)

**ဘိက္ခုသုတ်အရ** - ရဟန်းသည် အာသဝကုန်သဖြင့် အာသဝကင်းသော ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရပါသည်။ (နှာ၊၂၅၁)

**အရှင်အနုရုဒ္ဓါ ဖြေစကား** - ကျင့်ဆဲ သေခရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့သို့ ကပ်ရောက်၍ နေထိုက်ပါသည်။ (နှာ၊၂၆၃)

မေး ၈။ ဘုရားရှင်အား အရှင်အရိဋ္ဌ လျှောက်ထားသည့် အာနာပါနသတိ ပွားပုံကို ရေးပြ၍၊ ကိမိလ သုတ်၌ သတိပဋ္ဌာန်က အကုသိုလ်ဖျက်ဆီးနိုင်ပုံ ဥပမာစကားရပ်ကို ရေးပြခဲ့ပါ။

ဖြေ ၈။ **အရှင်အရိဋ္ဌလျှောက်** - အရှင်ဘုရား အကျွန်ုပ်သည် လွန်ပြီး အတိတ်ကာမဂုဏ်တို့၌ ကာမကို လိုချင်မှု ကာမစ္ဆန္ဒကို ပယ်ပါ၏၊ အကျွန်ုပ်အား အနာဂတ် ကာမဂုဏ်တို့၌ ကာမကို လိုချင်မှု ကာမစ္ဆန္ဒသည် ကင်းပါ၏၊ အကျွန်ုပ်သည် အတွင်း အပ အာယတနတရားတို့၌ ထိပါးမှု ပဋိဃနှင့် ယှဉ်သော မှတ်သားမှု သညာကို ကောင်းစွာပယ်ဖျောက်ပါ၏၊ ထိုအကျွန်ုပ်သည် သတိရှိလျက် သာလျှင် ထွက်သက်လေကို ထုတ်ပါ၏၊ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူပါ၏၊ အရှင်ဘုရား အကျွန်ုပ်သည် အာနာပါနသတိကို ဤသို့ပင် ပွားများပါ၏ဟု လျှောက်ပါသည်။ (နှာ၊၂၇၆)

**ဥပမာစကား** - လမ်းလေးခွ၌ရှိသော မြေမှုန့်ပုံကြီးကို အရှေ့အရပ်မှလာသော လှည်း ရထားသည် ဖျက်ဆီးသကဲ့သို့၊ အနောက်အရပ်မှလာသော-။ မြောက်အရပ်မှလာသော-။ တောင်အရပ်မှ လာသော လှည်း ရထားသည် ဖျက်ဆီးသကဲ့သို့--။ (နှာ၊၂၈၅)

မေး ၉။ သောတာပန်အင်္ဂါလေးပါး တည်ပြီးသည့် ဒီဃာဝုဥပါသကာအား ဘုရားညွှန်ကြားသည့် တဆင့်တက်၍ ပွားများရမည့် တရားခြောက်ပါးကို ဖော်ပြ၍၊ ဗြာဟ္မဏတို့ ကြီးပွားခြင်းသို့ ရောက်ကြောင်း-ဟု သတ်မှတ်သည့် ပညတ်ဆောက်တည်စေပုံကို ဗြာဟ္မဏသုတ်အရ ထုတ်ပြဖော်ပြခဲ့ပါ။

ဖြေ ၉။ **တရားခြောက်ပါး** - ဤသာသနာတော်၌ သင်သည် (၁) အလုံးစုံသော သင်္ခါရတရားတို့၌ မမြဲဟု အဖန်တလဲလဲရှုလျက် နေလော့၊ (၂) မမြဲသော သင်္ခါရတရား၌ ဆင်းရဲ၏ဟု အမှတ်ရှိသည် ဖြစ်၍ရှင်း၊ (၃) ဆင်းရဲသော သင်္ခါရတရား၌ အတ္တမဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ရှင်း၊ (၄) ပယ်စွန့်အံ့ဟု အမှတ်ရှိသည် ဖြစ်၍ရှင်း၊ (၅) စွဲမက်မှု ကင်းစေအံ့ဟု အမှတ်ရှိသည်ဖြစ်၍ရှင်း၊ (၆) ချုပ်ငြိမ်းစေအံ့ဟု အမှတ်ရှိသည် ဖြစ်၍ရှင်း နေလော့ဟု မိန့်ပါသည်။ (နာ၊၃၀၂)

**ဆောက်တည်စေပုံ** - "အချင်းယောက်ျား.. လာလော့၊ သင်သည် စောစောထ၍ အရှေ့အရပ်သို့ သွားလော့၊ သင်သည် ချောက်ကို မရှောင်လင့်၊ ကမ်းပါးပြတ်ကို မရှောင်လင့်၊ သစ်ငုတ်ကို မရှောင်လင့်၊ ဆူးရှိရာကို မရှောင်လင့်၊ တန်းစီးအိုင်ကို မရှောင်လင့်၊ တန်းစီးတွင်းကို မရှောင်လင့်၊ ကျရာအရပ်မှာပင် သေခြင်းကို လိုလား(တောင့်တ)ရာ၏၊ အချင်းယောက်ျား.. ဤအကျင့်ဖြင့် သင်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောသူတို့ လားရောက်ရာ နတ်ပြည်၌ ဖြစ်လတ့်"-ဟု ဆောက်တည်စေပါသည်။ (နာ၊၃၀၆)

မေး ၁၀။ အရက်သမား သရဏာနိသာကီဝင် ကွယ်လွန်မှုနောက် ထွက်ပေါ်နေသည့် ပြစ်တင်စကားစု များကို ရေးပြ၍၊ ရေချိုးချိန်တန်ပါကြောင်း ပြောလာသည့် .ယောက်ျားအား နန္ဒကလိစ္ဆဝီအမတ်ကြီး တုန့်ပြန် ပြောကြားသည့် စကားရပ်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ ၁၀။ **ထွက်ပေါ်နေသည့်စကားစု** - "အချင်းတို့.. အံ့ဖွယ်ဖြစ်စွတကား၊ အချင်းတို့.. မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ အကျင့်၌ အားနည်း၍ သေရည်အရက်ကို သောက်လေ့ရှိသော ကွယ်လွန်ပြီးသော ထိုသရဏာနိသာကီဝင်ကိုပင် ထိုမြတ်စွာဘုရားသည် ပျက်စီးကျရောက်ခြင်းသဘော မရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏-ဟု မိန့်ကြားတော်မူဘိသေး၏၊ ယခု အဘယ်သူသည် သောတာပန် မဖြစ်ဘဲ ရှိအံ့နည်း"ဟု ကဲ့ရဲ့ ရှုတ်ချ ပြစ်တင်ပြောဆိုကြပါသည်။ (နာ၊၃၂၉)

**တုန့်ပြန်ပြောသည့်စကားရပ်** - အချင်း.. ယခု ဤအပဖြစ်သော ရေချိုးခြင်းဖြင့် အကျိုး မရှိ၊ မြတ်စွာဘုရား၌ ကြည်ညိုခြင်းဟူသော အတွင်းဖြစ်သော ဤရေချိုးခြင်းသာ သင့်မြတ်သည် ဖြစ်လတ့်-ဟု ပြောဆိုပါသည်။ (နာ၊၃၄၄)

\+ + + + +

၂၀၁၉ (၁၃၈၁) ခုနှစ် ပိဋကသုံးပုံမြန်မာပြန် စာမေးပွဲ

အုပ်စု (၄) မဟာဝဂ္ဂ မေးခွန်းနှင့်အဖြေ

မေး။ ၁။ ကိမတ္ထိယသုတ်လာ ပရိဗိုဇ်တို့ အမေးနှင့် ရဟန်းတို့ အဖြေကို ရေး၍ ကာယသုတ်လာ ကာမစ္ဆန္ဒ ဖြစ်ပေါ်လာကြောင်းကိုလည်း ရေးပါ။

ဖြေ။ ၁။ အမေး ---

ငါ့သျှင်တို့ အဘယ်အကျိုးကို လို၍ ရဟန်းဂေါတမ၏အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးဘိသန ည်း။

[နှာ/၆] ( ၃ မှတ် )

အဖြေ ----

ငါ့သျှင်တို့ ဆင်းရဲကိုပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံး၏။

[နှာ/၆] ( ၃ မှတ် )

ဖြစ်ပေါ်လာကြောင်း ----

တင့်တယ်သော အာရုံနိမိတ်၌ မသင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြ ခင်းပင်တည်း။

[နှာ/၆၁] ( ၄ မှတ် )

မေး။ ၂။ စက္ကဝတ္တိသုတ်လာ ရတနာခုနစ်ပါးကို ရေး၍ ပညာမဲ့သူ၏ အဓိပ္ပါယ်ကိုလည်း ဒုပ္ပညသုတ်အလို အ ကျဉ်းမျှ ရေးပါ။

ဖြေ။ ၂။ ရတနာခုနစ်ပါး ----

၁။ စကြာရတနာ

၂။ ဆင်ရတနာ

၃။ မြင်းရတနာ

၄။ ပတ္တမြားရတနာ

၅။ မိန်းမရတနာ

၆။ သူကြွယ်ရတနာ

၇။ သားကြီးရတနာ။ [နှာ/၉၂] ( ၇ မှတ် )

**ပညာမဲ့သူ ---**

ဖောဋ္ဌပ်ခုနစ်ပါးတို့ကို မပွားများခြင်း၊ ကြိမ်ဖန်များစွာ မပြုလုပ်ခြင်း။ [နှာ/၉၃] ( ၃ မှတ် )

**မေး။၃။** သာလသုတ်လာ ရဟန်းသစ်တို့အတွက် မိန့်မှာချက်ကို ရေး၍ ဖြဟ္မသုတ်လာ ခရီးလမ်းနှင့် ၎င်းခရီးလမ်း၏ ဂုဏ်ရည်တို့ကိုလည်း ရေးပါ။

**ဖြေ။ ၃။ မိန့်မှာချက် ---**

သတိပဋ္ဌာန်လေးပါးတို့ကို ပွားများရာ၌ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏။ [နှာ/၁၃၁] ( ၃ မှတ် )

**ခရီးလမ်း ---**

သတိပဋ္ဌာန်လေးပါး။ [နှာ/၁၅၀] ( ၃ မှတ် )

**ဂုဏ်ရည် ---**

သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်၊ စိုးရိပ်ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန်၊ အရိယမဂ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်။ [နှာ/၁၅၀] ( ၄ မှတ် )

**မေး။၄။** ဘာဝိတသုတ်လာ ကာယာနုပဿနာသတိပဋ္ဌာန်ပွားပုံကို ရေး၍ ဥပ္ပါဋိပါဋိကသုတ်လာ က္ခန္ဓာငါးပါး သရုပ်ကိုလည်း ရေးပြပါ။

**ဖြေ။ ၄။ ကာယာနုပဿနာသတိပဋ္ဌာန် ---**

ပြင်းစွာအားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် ""သမ္ပဇဉ်၊ အောက်မေ့မှု သတိရှိသည်ဖြစ်၍၊ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက်၊ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ [နှာ/၁၆၂] ( ၅ မှတ် )

**က္ခန္ဓာ ---**

ဒုက္ခက္ခန္ဓာ၊ ဒေါမနဿက္ခန္ဓာ၊ သုခက္ခန္ဓာ၊ သောမနဿက္ခန္ဓာ၊ ဥပေက္ခက္ခန္ဓာ၊ [နှာ/၁၉၄] ( ၅ မှတ် )

မေး။၅။ စေတိယသုတ်လာ မြတ်စွာဘုရား သီတင်းသုံးရာအရပ်နှင့် ကျူးရင့်သောဥဒါန်းစကားကိုလည်း ရေးပြပါ။

ဖြေ။ ၅။ **သီတင်းသုံးရာ ----**

ဝေသာလီ မဟာဝုန်တော၊ ပြသာဒ်ဆောင်ပေါက်သောကျောင်း။ [နှာ/၂၂၉]

( ၄ မှတ် )

**ဥဒါန်း ---**

မြတ်စွာဘုရားသည် အတုမဲ့နိဗ္ဗာန်နှင့် အဖန်ဖန်ဖြစ်မှုဘဝကို နှိုင်းချိန်လျက် ဘဝဖြစ်ရန် ပြုပြင်တတ်သောကံကို စွန့်ပယ်ခဲ့လေပြီ၊ အဇ္ဈတ္တတရား၌ မွေ့လျော်ကာ ကောင်းစွာတည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ချပ်ဝတ်နှင့် တူသော မိမိသန္တာန်ရှိ ကိလေသာကွန်ရက်ကို ဖျက်ဆီးခဲ့လေပြီ။ [နှာ/၂၃၃]

( ၆ မှတ် )

မေး။၆။အယောဂုဋ္ဌသုတ်လာ မြတ်စွာဘုရားအား အသျှင်အာနန္ဒာ၏ လျှောက်ထားချက်နှစ်ခုကို ရေးပြပါ။

ဖြေ။ ၆ **ပထမလျှောက်ထားချက် ----**

အသျှင်ဘုရား မြတ်စွာဘုရားသည် စိတ်ဖြင့်ပြီးသော နာမကာယဖြင့် ဗြဟ္မာ့ပြည်သို့ တန်ခိုးတော်ဖြင့် ချဉ်းကပ်တော်မူဘူးသည်ကို အမှတ်ရတော်မူပါ၏လော။ [နှာ/၂၄၉]

**ဒုတိယလျှောက်ထားချက် ----**

အသျှင်ဘုရား မြတ်စွာဘုရားသည် ဤမဟာဘုတ်လေးပါးဖြင့်ပြီးသော ရူပကာယဖြင့် ဗြဟ္မာ့ပြည်သို့ တန်ခိုးတော်ဖြင့် ချဉ်းကပ်တော်မူဘူးသည်ကို အမှတ်ရပါ၏လော။ [နှာ/၂၄၉]

( ၅ မှတ် )

မေး။၇။ပဌမရဟောဂတသုတ်လာ အသျှင်အနုရုဒ္ဓါ၏ စိတ်အကြံကို ရေး၍၊ အမ္ဗပါလီဝနသုတ်မှ အရှင်သာရိပုတ္တရာက အရှင်အနုရုဒ္ဓါအား မေးပုံကိုလည်း ရေးပြပါ။

ဖြေ။ ၇။ **စိတ်အကြံ ----**

သတိပဋ္ဌာန်လေးပါးတို့ကို ချွတ်ယွင်းစေသူဟူသမျှတို့ကား ကောင်းစွာ ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အရိယမဂ်ကို ချွတ်ယွင်းစေသည် မည်၏။ သတိပဋ္ဌာန်လေးပါးတို့ကို အားထုတ်ကြသူ ဟူသမျှ

တို့ကား ကောင်းစွာ ဆင်းရဲကုန်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အရိယမဂ်ကို အားထုတ်အပ်သည်မည်၏။ [နှာ/၂၅၉] ( ၅ မှတ် )

**မေးပုံ ----**

ငါ့သျှင် အနုရုဒ္ဓါ သင်၏ ဣန္ဒြေတို့သည် အလွန်ကြည်လင်ကုန်၏၊ မျက်နှာအဆင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ အသျှင်အနုရုဒ္ဓါသည် အဘယ်နေခြင်းမျိုးဖြင့် ယခု အနေများပါသနည်း။ [နှာ/၂၆၅] ( ၅ မှတ် )

**မေး။ ဂ။** ပဋ္ဌမဖလသုတ်လာ အာနာပါနသတိအကျိုးနှစ်ပါးကို ရေး၍၊ မဟာကပ္ပိနသုတ်လာ အသျှင်မဟာကပ္ပိန၏ အမူအရာနှင့် မြတ်စွာဘုရား၏ အမေးကိုလည်း ရေးပြပါ။

**ဖြေ။ ဂ။ အကျိုး ---**

၁။ ယခုဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်ခြင်း။

၂။ စွဲလမ်းမှုဥပါဒါန် အကြွင်းအကျန်ရှိခဲ့သော် အနာဂါမ်အဖြစ်သို့ ရောက်နိုင်ခြင်း။

[နှာ/၂၇၅] ( ၄ မှတ် )

**အမူအရာ ----**

မြတ်စွာဘုရား၏ မနီးမဝေး၌ တင်ပလ ္လင်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ သတိကို ကမ္မဋ္ဌာန်းသို့ ရှေးရှု ဖြစ်စေလျက် ထိုင်နေ၏။ [နှာ/၂၇၇] ( ၃ မှတ် )

**အမေး ----**

ရဟန်းတို့ ဤရဟန်း၏ ကိုယ်တုန်ခြင်းကိုလည်းကောင်း၊ လှုပ်ခြင်းကိုလည်းကောင်း သင်တို့ မြင်ကုန်သလော။ [နှာ/၂၇၇] ( ၃ မှတ် )

**မေး။ ဃ။** ကိမိလသုတ်လာ မြတ်စွာဘုရား အမေးနှင့် အသျှင်အာနန္ဒာလျှောက်ပုံတို့ကို ရေးပါ။

**ဖြေ။ ဃ။ အမေး ---**

ကိမိလ အာနာပါနသတိသမာဓိကို အဘယ်သို့ ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ် သည်ရှိသော် အကျိုးကြီးသနည်း၊ အာနိသင်ကြီးသနည်း။ [နှာ/၂၈၂] ( ၅ မှတ် )

**လျှောက်ပုံ ----**

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤအာနာပါနဿတိသမာဓိကို ဟောတော်မူရန် အချိန်တန်ပါပြီ၊ ကောင်းသောစကားကို မိန့်ဆိုတော်မူတတ်သောမြတ်စွာဘုရား ဤအာနာပါနဿတိသမာဓိကို ဟောတော်မူရန် အချိန်တန်ပါပြီ၊ မြတ်စွာဘုရား၏ အထံမှ ကြားနာရ၍ ရဟန်းတို့သည် ဆောင်ထားရပါကုန်လတ္တံ့ ။ [နှာ/၂၀၃] ( ၅ မှတ် )

**မေး။ ၁၀။** ဂေါသေက္ကသုတ်လာ မဟာနာမ်သာကီဝင်မင်း အမေးနှင့် နန္ဒိယသုတ်မှ မြတ်ဗုဒ္ဓဟောတရားကိုလည်း အကျဉ်းမျှ ရေးပြပါ။

**ဖြေ။ ၁၀။** **အမေး ---**

ဂေါဓ အဘယ်တရားနှင့် ပြည့်စုံသောသူကို ပျက်စီးကျရောက်ခြင်းသဘောမရှိသော၊ ကိန်းသေမြဲသော၊ အထက်မဂ်သုံးပါးလျှင် လဲလျောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်ဟု သင်သိပါသနည်း။ [နှာ/၃၂၆]( ၅ မှတ် )

**မြတ်ဗုဒ္ဓဟောတရား ---**

နန္ဒိယ တရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော၊ ကိန်းသေ မြဲသော၊ အထက်မဂ်သုံးပါးလျှင် လဲလျောင်းရာရှိသော သောတာပန်ဖြစ်၏။ [နှာ/၃၅၇]( ၅ မှတ် )

ရန်ကုန်မြို့

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၄) သံယုတ္တနိကာယ**

**မဟာဝဂ္ဂ သံယုတ္တပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၄ - ခုနှစ်၊ နယုန်လပြည့်ကျော် ၉ - ရက်၊ (၂၂ - ၆ - ၂၀၂၂) ဗုဒ္ဓဟူးနေ့

ခွင့်ပြုချိန်။ ။၄ - နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ အညတိတ္ထိယပေယျာလဝဂ်လာ မြတ်စွာဘုရား၏ အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေထိုင်ရကျိုး အစ(၅)မျိုးကို ဖော်ပြ၍၊ ကာယသုတ်လာ လေးလံထိုင်းမှိုင်းမှု'ထိနမိဒ္ဓ'ဖြစ်ပေါ်လာကြောင်းကိုလည်း ရေးသားပါ။

၂။ စက္ကဝတ္တိသုတ်လာ ရတနာ(၇)ပါးကို ရေတွက်ပြ၍၊ အဂ္ဂိသုတ်လာ စိတ်ပျံ့လွင့်သောအခါ၌ မပွားများသင့်သော ဗောဇ္ဈင်တို့ကို အကြောင်းနှင့်တကွ ဖြေဆိုပါ။

၃။ သတိသုတ်လာ မြတ်စွာဘုရား၏ အဆုံးအမစကားနှင့် သာလသုတ်လာ ရဟန်းသစ်တို့အတွက် မိန့်မှာချက်ကို ရေးသား၍၊ မဟာပုရိသသုတ်လာ 'ယောကျ်ားမြတ်'ဟု ခေါ်ဆိုရပုံကိုလည်း ဖြေဆိုပါ။

၄။ သေဒကသုတ်လာ သူတစ်ပါးကို စောင့်ရှောက်သည်ရှိသော် မိမိကိုယ်ကို စောင့်ရှောက်ရာရောက်ပုံကို ဖော်ပြ၍၊ သုဒ္ဓကသုတ်လာ ဣန္ဒြေ(၆)ပါးသရုပ်ကိုလည်း ရေတွက်ပြပါ။

၅။ သူကရခတသုတ်လာ မြတ်စွာဘုရားမိန့်တော်မူသောအမေးနှင့် အရှင်သာရိပုတ္တရာ လျှောက်ထားသော အဖြေကို ရေးသား၍၊ ပဋ္ဌမရုက္ခသုတ်စသည်တို့လာ အမြတ်ဆုံးသော သစ်ပင်ကြီးတို့ကိုလည်း တည်နေရာနှင့်တကွ ဖော်ပြပါ။

၆။ ဝိဘင်္ဂသုတ်လာ အတွင်း၌ကျုံ့သော 'စိတ်'ခေါ်ပုံနှင့် အပ၌ပျံ့လွင့်သော'စိတ်'ခေါ်ပုံကို ဖြေဆို၍၊ ဣစ္ဆာနင်္ဂလသုတ်လာ ရဟန္တာတို့အား အာနာပါနဿတိသမာဓိကို ပွားများခြင်းကြောင့် ရရှိနိုင်သော အကျိုးတို့ကိုလည်း ဖော်ပြပါ။

၇။ ဗြာဟ္မဏသုတ်လာ ဗြာဟ္မဏတို့ ပညတ်အပ်သော ကြီးပွားခြင်းသို့ ရောက်ကြောင်းအကျင့်ကို ဖော်ပြ၍၊ မဟာနာမသုတ်လာ 'ဥပါသကာ' ဖြစ်ကြောင်းကိုလည်း ဖြေဆိုပါ။

၈။ အင်္ဂသုတ်လာ သောတာပန်ဖြစ်ကြောင်းအင်္ဂါ (၄)ပါးကို ရေတွက်ပြ၍၊ ဝိတက္ကသုတ်လာ မကြံစည်သင့်သော အကြံအစည်နှင့် ကြံစည်သင့်သောအကြံအစည်တို့ကို ခွဲခြားပြပါ။

၉။ ဓမ္မစက္ကပဝတ္တနသုတ်လာ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော အလယ်အလတ်ဖြစ်သော မြတ်သောအကျင့်ကို ဖော်ပြ၍၊ အဝိဇ္ဇာသုတ်လာ အမှန်မသိမှု'အဝိဇ္ဇာ'ခေါ်ပုံကိုလည်း ရေးပြပါ။

၁၀။ လောကစိန္တာသုတ်လာ ကြံစည်ဖွယ်ရာလောကရေးရာကို ကြံစည်လျက်ထိုင်နေသော ယောကျ်ားတစ်ယောက်၏ မယုံနိုင်စရာမြင်ကွင်းကို ရှေးဖြစ်အကြောင်းနှင့်တကွ ဖော်ပြ၍၊ ပဌမဆိဂ္ဂဠယုဂသုတ်လာ အပါယ်သို့ကျရောက်သူ၏ လူ့အဖြစ် ပြန်ရရန် မလွယ်ကူသော အကြောင်းကိုလည်း ရေးပါ။

**တစ်ပုဒ်စွာလျှင် (၁၀)မှတ်စီ**

## ၁၃၈၄-ခု၊ ၂၀၂၂-ခု
## အုပ်စု (၄) မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်
## မေးခွန်း နှင့် အဖြေ

-----------

၁။ အညတိတ္ထိယပေယျာလဝဂ်လာ မြတ်စွာဘုရား၏ အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေထိုင်ရကျိုး အစ(၅)မျိုးကို ဖော်ပြ၍၊ ကာယသုတ်လာ လေးလံထိုင်းမှိုင်းမှု'ထိနမိဒ္ဓ'ဖြစ်ပေါ်လာကြောင်းကိုလည်း ရေးသားပါ။

၁-အဖြေ

**မြတ်စွာဘုရား၏ အထံ၌မြတ်သောအကျင့်ကို ကျင့်သုံးနေထိုင်ရကျိုး အစ(၅)မျိုးမှာ–**

စွဲမက်မှုရာဂကင်းစင်ခြင်းအကျိုး။
သံယောဇဉ်ကိုပယ်ကာ နိဗ္ဗာန်အကျိုး။
အနုသယကို နှုတ်ပယ်ကာ နိဗ္ဗာန်အကျိုး။
သံသရာအစွန်းကို ပိုင်းခြား၍သိရာ နိဗ္ဗာန်အကျိုး။
အာသဝတရားတို့၏ကုန်ရာ နိဗ္ဗာန်အကျိုးတို့ ဖြစ်ပါသည်။ (၅)မှတ် (နှာ-၂၂)

**ကာယသုတ်လာ လေးလံထိုင်းမှိုင်းမှု'ထိနမိဒ္ဓ'ဖြစ်ပေါ်လာကြောင်းမှာ–**

မမွေ့လျော်ခြင်း၊ ပျင်းရိခြင်း၊ ကိုယ်လက်ဆန့်ငင်ဖြစ်ခြင်း၊ ထမင်းဆီယစ်ခြင်း၊ စိတ်၏ဆုတ်နစ်ခြင်း၊ ထိုမမွေ့ခြင်းစသည်၌ မသင့်လျော်သောအားဖြင့်နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်-တည်း။ (၅)မှတ်။ (နှာ-၅၉)

---

၂။ စက္ကဝတ္တိသုတ်လာ ရတနာ(၇)ပါးကို ရေတွက်ပြ၍၊ အဂ္ဂိသုတ်လာ စိတ်ပျံ့လွင့်သောအခါ၌ မပွားများသင့်သော ဗောဇ္ဈင်တို့ကို အကြောင်းနှင့်တကွ ဖြေဆိုပါ။

၂-အဖြေ

**စက္ကဝတ္တိသုတ်လာ ရတနာ(၇)ပါးမှာ–**

စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိန်းမရတနာ၊ သူကြွယ်ရတနာ၊ သားကြီးရတနာတို့ ဖြစ်ပါသည်။ (၅)မှတ် (နှာ-၈၇)

**အဂ္ဂိသုတ်လာ စိတ်ပျံ့လွင့်သောအခါ၌ မပွားများသင့်သောဗောဇ္ဈင်တို့မှာ–**

ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်တို့ ဖြစ်ပါသည်။ (၃)မှတ်

**အကြောင်းကား–** စိတ်သည် ပျံ့လွင့်၏ ထိုပျံ့လွင့်သောစိတ်ကို ဤသမ္ဗောဇ္ဈင်တရား(၃)ပါးတို့သည် ကောင်းစွာငြိမ်းစေနိုင်ခဲသောကြောင့်တည်း။ (၂)မှတ် (နှာ-၁၀၀)

---

၃။ သတိသုတ်လာ မြတ်စွာဘုရား၏ အဆုံးအမစကားနှင့် သာလသုတ်လာ ရဟန်းသစ်တို့အတွက် မိန့်မှာချက်ကို ရေးသား၍၊ မဟာပုရိသသုတ်လာ 'ယောကျ်ားမြတ်'ဟု ခေါ်ဆိုရပုံကိုလည်း ဖြေဆိုပါ။။

၃-အဖြေ

**သတိသုတ်လာ မြတ်စွာဘုရား၏အဆုံးအမစကားမှာ–**

ရဟန်းတို့ ရဟန်းသည် အောက်မေ့မှုသတိ၊ ဆင်ခြင်ဉာဏ် သမ္ပဇဉ်ရှိသည်ဖြစ်၍နေရာ၏ ဤသည်ကား သင်တို့အတွက် ငါတို့၏အဆုံးအမတည်း။ (၃-မှတ်)(နှာ-၁၂၃)

**သာလသုတ်လာ ရဟန်းသစ်တို့ အတွက် မိန့်မှာချက်မှာ–**

ရဟန်းတို့ သင်တို့သည် ရဟန်းပြု၍မကြာမြင့်သေးမူ၍ ဤသာသနာတော်သို့ ယခုပင် ရောက်လာကြ ကုန်သော ရဟန်းသစ်တို့အား သတိပဋ္ဌာန်(၄)ပါးတို့ကို ပွားများရန် ဆောက်တည်စေ အပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊တည်စေအပ်ကုန်၏၊ (၄-မှတ်) (နှာ-၁၂၅)

**မဟာပုရိသသုတ်လာ 'ယောကျ်ားမြတ်'ဟု ခေါ်ဆိုရပုံ–**

အာသဝတို့မှလွတ်မြောက်သောစိတ်ရှိသောကြောင့်သာ ယောကျ်ားမြတ်ဟု ခေါ်ဆိုရပါသည်။ (၃-မှတ်) (နှာ-၁၃၇)

---

၄။ သေဒကသုတ်လာ သူတစ်ပါးကို စောင့်ရှောက်သည်ရှိသော် မိမိကိုယ်ကို စောင့်ရှောက်ရာရောက်ပုံကို ဖော်ပြ၍၊ သုဒ္ဓကသုတ်လာ ဣန္ဒြေ(၆)ပါးသရုပ်ကိုလည်း ရေတွက်ပြပါ။

၄-အဖြေ

**သူတစ်ပါးကို စောင့်ရှောက်သည်ရှိသော် မိမိကိုယ်ကိုစောင့်ရှောက်ရာ ရောက်ပုံ–**

သည်းခံခြင်း၊ မညှဉ်းဆဲခြင်း၊ မေတ္တာစိတ်ရှိခြင်း၊ အစဉ်သနားခြင်းဖြင့် သူတစ်ပါးကိုစောင့်ရှောက်သည် ရှိသော် မိမိကိုယ်ကိုလည်း စောင့်ရှောက်ရာရောက်ပါသည်။ (၄-မှတ်) (နှာ-၁၄၇)

**သုဒ္ဓကသုတ်လာ ဣန္ဒြေ(၆)ပါးသရုပ်–**

စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေတို့ ဖြစ်ပါသည်။ (၆-မှတ်) (နှာ-၁၈၀)

---

၅။ သုကရခတသုတ်လာ မြတ်စွာဘုရားမိန့်တော်မူသောအမေးနှင့် အရှင်သာရိပုတ္တရာ လျှောက်ထားသော အဖြေကို ရေးသား၍၊ ပဌမရုက္ခသုတ်စသည်တို့လာ အမြတ်ဆုံးသော သစ်ပင်ကြီးတို့ကိုလည်း တည်နေရာနှင့်တကွ ဖော်ပြပါ။

၅-အဖြေ

**သူကရခတသုတ်လာ မြတ်စွာဘုရားမိန့်တော်မူသောအမေးမှာ–**

သာရိပုတ္တရာ အာသဝကုန်ပြီးသောရဟန်းသည် မြတ်စွာဘုရား၌လည်းကောင်း မြတ်စွာဘုရားအဆုံးအမသာသနာ၌လည်းကောင်း လွန်ကဲသော ရိုသေတုပ်ဝပ်မှုဖြစ်လတ်သော် အဘယ်အကျိုးအထူးကို ကောင်းစွာမြင်၍ဖြစ်သနည်းဟု မေးတော်မူပါသည်။ (၃-မှတ်)

**အရှင်သာရိပုတ္တရာလျှောက်ထားသော အဖြေမှာ –**

အရှင်ဘုရား အာသဝကုန်ပြီးသောရဟန်းသည် မြတ်စွာဘုရား၌လည်းကောင်း မြတ်စွာဘုရားအဆုံးအမသာသနာ၌လည်းကောင်း လွန်ကဲသော ရိုသေတုပ်ဝပ်မှုဖြစ်လတ်သော် အတုမရှိသောယောဂ၏ ကုန်ရာအရဟတ္တဖိုလ်ကို ကောင်းစွာမြင်၍ဖြစ်ပါ၏ဟု လျှောက်ထားပါသည်။

(၃-မှတ်) (နှာ-၂၀၅)

**အမြတ်ဆုံးသောသစ်ပင် ကြီးတို့ကိုလည်း တည်နေရာနှင့်တကွ ဖြေဆိုပုံမှာ–**

ဇမ္ဗူဒိပ်ကျွန်း၌ပေါက်ကုန်သော သစ်ပင်ဟူသမျှအားလုံးတို့ထက် ဇမ္ဗူသပြေပင်သည် အမြတ်ဆုံး။
တာဝတိံသာနတ်တို့၏ သစ်ပင်ဟူသမျှတို့ထက် ပင်လယ်ကသစ်ပင်သည် အမြတ်ဆုံး။
အသုရာတို့၏ သစ်ပင်ဟူသမျှတို့ထက် ဆန်းကြယ်သောသခွပ်ပင်သည် အမြတ်ဆုံး။
ဂဠုန်တို့၏သစ်ပင်ဟူသမျှတို့ထက် အထွဋ်ကဲ့သို့တက်သော လက်ပံပင်သည်
အမြတ်ဆုံးဖြစ်ပါသည်။ (၄-မှတ်) (နှာ-၂၀၈)

---

၆။ ဝိဘင်္ဂသုတ်လာ အတွင်း၌ကျုံ့သော 'စိတ်'ခေါ်ပုံနှင့် အပ၌ပျံ့လွင့်သော'စိတ်'ခေါ်ပုံကို ဖြေဆို၍၊ ဣစ္ဆာနင်္ဂလသုတ်လာ ရဟန္တာတို့အား အာနာပါနဿတိသမာဓိကို ပွားများခြင်းကြောင့် ရရှိနိုင်သော အကျိုးတို့ကိုလည်း ဖော်ပြပါ။

၆-အဖြေ

**ဝိဘင်္ဂသုတ်လာ အတွင်း၌ကျုံ့သော 'စိတ်'ခေါ်ပုံမှာ–**

လေးလံထိုင်းမှိုင်းမှုထိနမိဒ္ဓနှင့်တကွဖြစ်သော လေးလံထိုင်းမှိုင်းမှုထိနမိဒ္ဓနှင့်ယှဉ်သောစိတ်ကို အတွင်း၌ ကျုံ့သောစိတ်ဟုခေါ်ပါသည်။ (၃)မှတ်

**အပ၌ပျံ့လွင့်သော'စိတ်'ခေါ်ပုံမှာ–**

အပ၌ ကာမဂုဏ်(၅)ပါးတို့ကို အကြောင်းပြု၍ ပျံ့လွင့်ကျယ်ပြန့်သောစိတ်ကို အပ၌ပျံ့လွင့်သောစိတ်ဟု ခေါ်ပါသည်။ (၃)မှတ် (နှာ-၂၄၄)

**အာနာပါနဿတိသမာဓိကို ပွားများခြင်းကြောင့် ရရှိနိုင်သော အကျိုးတို့မှာ–**

မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း။
အောက်မေ့မှုသတိ ဆင်ခြင်ဉာဏ် သမ္ပဇဉ်နှင့်ပြည့်စုံခြင်းတို့ဖြစ်ပါသည်။ (၂)မှတ်စီ (နှာ-၂၈၄)

---

၇။ ဗြာဟ္မဏသုတ်လာ ဗြာဟ္မဏတို့ ပညတ်အပ်သော ကြီးပွားခြင်းသို့ ရောက်ကြောင်းအကျင့်ကို ဖော်ပြ၍၊ မဟာနာမသုတ်လာ 'ဥပါသကာ' ဖြစ်ကြောင်းကိုလည်း ဖြေဆိုပါ။

၇-အဖြေ

**ဗြဟ္မဏတို့ပညတ်အပ်သော ကြီးပွားခြင်းသို့ရောက်ကြောင်းမည်သော အကျင့်မှာ–**

အချင်းယောက်ျား လာလော့ သင်သည် စောစောထ၍ အရှေ့သို့ရှေးရှုသွားလော၊ သင်သည် ချောက်ကို မရှောင်လင့်၊ ကမ်းပါးပြတ်ကို မရှောင်လင့်၊ သစ်ငုတ်ကို မရှောင်လင့်၊ ဆူးရှိရာကို မရှောင်လင့်၊ တန်စီးအိုင်ကို မရှောင်လင့်၊ တန်စီးတွင်းကို မရှောင်လင့်၊ ကျရာအရပ်မှာပင် သေခြင်းကို လိုလားတောင့်တရာ၏၊ အချင်းယောက်ျား ဤအကျင့်ဖြင့် သင်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောသူတို့၏ လားရောက်ရာ နတ်ပြည်၌ဖြစ်လတ္တံ့။

(၇-မှတ်) (နှာ-၃၁၄)

မဟာနာမသုတ်လာ 'ဥပါသကာ'ဖြစ်ကြောင်းမှာ-

မဟာနာမ် အကြင့်ကြောင့် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်၏၊တရားတော်ကို ကိုးကွယ်ဆည်းကပ်၏၊ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်၏၊ မဟာနာမ် ဤမျှဖြင့်ပင် ဥပါသကာဖြစ်၏။

(၃-မှတ်) (နှာ-၃၄၄)

---

၈။ အင်္ဂသုတ်လာ သောတာပန်ဖြစ်ကြောင်းအင်္ဂါ (၄)ပါးကို ရေတွက်ပြ၍၊ ဝိတက္ကသုတ်လာ မကြံစည်သင့်သော အကြံအစည်နှင့် ကြံစည်သင့်သောအကြံအစည်တို့ကို ခွဲခြားပြပါ။

၈-အဖြေ

**သောတာပန်ဖြစ်ကြောင်းအင်္ဂါလေးပါးကား–**

(၁)သူတော်ကောင်းကို မှီဝဲပေါင်းသင်းခြင်း (၂)သူတော်ကောင်းတရားကိုနာကြားခြင်း။

(၃)သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း (၄)တရားအား လျော်သောအကျင့်ကို ကျင့်ခြင်း။

(၄-မှတ်) (နှာ-၃၅၄)

**ဝိတက္ကသုတ်လာ မကြံစည်သင့်သော အကြံအစည်ကား–––**

(၁) ကာမ၌ကြံစည်မှု ကာမဝိတက် (၂)ပျက်စီးစေရန်ကြံစည်မှု

(၃) ဗျာပါဒဝိတက်ညှဉ်းဆဲရန်ကြံစည်မှု ဝိဟိံသဝိတက်။ (၃)မှတ်

**ကြံစည်သင့်သောအကြံအစည်တို့မှာ–**

ဤကား ဆင်းရဲတည်းဟု ကြံစည်ခြင်း။

ဤကား ဆင်းရဲဖြစ်ပေါ်လာကြောင်းတည်းဟု ကြံစည်ခြင်း။

ဤကား ဆင်းရဲချုပ်ရာနိဗ္ဗာန်တည်းဟု ကြံစည်ခြင်း။

ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်တည်းဟု ကြံစည်ခြင်း။(၃-မှတ်)(နှာ-၃၆၆)

---

၉။ ဓမ္မစက္ကပဝတ္တနသုတ်လာ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော အလယ်အလတ် ဖြစ်သော မြတ်သောအကျင့်ကို ဖော်ပြ၍၊ အဝိဇ္ဇာသုတ်လာ အမှန်မသိမှု'အဝိဇ္ဇာ'ခေါ်ပုံကိုလည်း ရေးပြပါ။

၉-အဖြေ

**အလယ်အလတ် ဖြစ်သောမြတ်သောအကျင့်မှာ--**

| | |
|---|---|
| မှန်ကန်သောအမြင် သမ္မာဒိဋ္ဌိ | မှန်ကန်သော ကြံစည်မှု သမ္မာသင်္ကပ္ပ |
| မှန်ကန်သောစကား သမ္မာဝါစာ | မှန်ကန်သောအလုပ် သမ္မာကမ္မန္တ |
| မှန်ကန်သောအသက်မွေးမှု သမ္မာအာဇီဝ | မှန်ကန်သောအားထုတ်မှု သမ္မာဝါယာမ။ |
| မှန်ကန်သောအောက်မေ့မှု သမ္မာသတိ | မှန်ကန်သောတည်ကြည်မှု သမ္မာသမာဓိ- |

ဟူသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဖြစ်ပါသည်။ (၆-မှတ်) (နှာ-၃၆၉)

**အဝိဇ္ဇာသုတ်လာ အမှန်မသိမှု'အဝိဇ္ဇာ'ခေါ်ပုံ-**

ဆင်းရဲကိုမသိခြင်း၊ ဆင်းရဲဖြစ်ပေါ်ကြောင်းကို မသိခြင်း၊ဆင်းရဲချုပ်ရာနိဗ္ဗာန်ကိုမသိခြင်း၊ဆင်းရဲ ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကို မသိခြင်းကို အမှန်မသိမှု အဝိဇ္ဇာဟု ခေါ်ပါသည်။ (၄-မှတ်) (နှာ-၃၇၆)

---

၁၀။ လောကစိန္တာသုတ်လာ ကြံစည်ဖွယ်ရာလောကရေးရာကို ကြံစည်လျက်ထိုင်နေသော ယောကျ်ား တစ်ယောက်၏ မယုံနိုင်စရာမြင်ကွင်းကို ရှေးဖြစ်အကြောင်းနှင့်တကွ ဖော်ပြ၍၊ ပဌမဆိဂ္ဂဠယုဂ သုတ်လာ အပါယ်သို့ကျရောက်သူ၏ လူ့အဖြစ်ရရန်မလွယ်ကူသော အကြောင်းကိုလည်း ရေးပါ။

၁၀-အဖြေ

**လောကစိန္တာသုတ်လာ ကြံစည်ဖွယ်ရာလောကရေးရာကို ကြံစည်လျက်ထိုင်နေသော ယောကျ်ား တစ်ယောက်၏ မယုံနိုင်စရာမြင်ကွင်းမှာ--**

ထိုယောကျ်ားသည် သုမာဂဓရေကန်ကမ်းနား၌ ကြာစွယ်ကြာရင်းသို့ဝင်သွားသော အင်္ဂါလေးပါးရှိ သော စစ်သည်ကိုမြင်ရသည်။ (၂)မှတ်


**ရှေးကဖြစ်ဖူးသည်ကား** နတ်နှင့်အသူရာတို့ စစ်ပွဲသည် ရင်ဆိုင်ချီတက်ခဲ့ဘူး၏၊ ထိုစစ်ပွဲ၌ နတ် တို့ အောင်မြင်ကုန်၏၊ အသုရာတို့ ရှုံးနိမ့်ကုန်၏၊ ရှုံးနိမ့်သောအသုရာတို့သည် ကြောက်လန့်ကုန် သည်ဖြစ်၍ နတ်တို့ ကို မိန်းမောတွေဝေစေလျှက် ကြာစွယ်ကြာရင်းဖြင့် အသုရာပြည်သို့ ဝင် ကုန်၏။ (၄-မှတ်) (နှာ-၃၉၀)

**အပါယ်သို့ကျရောက်သူ၏ လူ့အဖြစ်ရရန်မလွယ်ကူသော အကြောင်းကား**

အပါယ်ဘုံ၌ တရားနှင့်အညီကျင့်ခြင်း၊ မျှမျှတတကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပြုခြင်းသည် မရှိ၊ အချင်းချင်းစားခြင်း၊ အားနည်းသူကို စားခြင်းတို့ကြောင့်ဖြစ်ပါသည်။ (၄)မှတ် (နှာ-၃၉၇)

---

**မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်**
**မေးခွန်းနှင့် အဖြေများ ပြီးပြီ။**


အခက်အခဲတွေကြားထဲမှာ
အခွင့်အလမ်းတစ်စုံတစ်ရာက
သင့်အတွက် အမြဲရှိပါတယ်...။